# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက် ၂၀၂၆ ခုနှစ်၊ ဇွန် ၂၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ(၆၅)၊ အမှတ်(၂၅၉)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

မင်းဘူး ဇွန် ၂၀

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ကာယစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ခါးလှည့်ကွင်း၊ ကွန်ပျူတာဉာဏ်စမ်း၊ စကားပုံဆက်၊ အရုပ်ကွင်းစွပ်၊ ဆန်ကောရှက်နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❖



မင်းဘူးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပစဉ်။

## မိုးရွာသွန်းခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**


ယနေ့ ဖတ်စရာ

**အေးအတူ ပူအမျှ အသိုက်အဝန်း၏ တောက်ပသည့် အနာဂတ်သို့ ဦးတည်** ဆောင်းပါး စာ ၆

**လူသားတိုင်းအတွက် ကြိုတင်ကာကွယ် မူးယစ်ဆေးဝါး အန္တရာယ် အပိုင်း(၁)** ဆောင်းပါး စာ ၁၀


## ခရမ်းမြို့နယ် ကရင်ကန်ကျေးရွာ၌ ပြည်သူ့စကားဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကရင်ကန်ကျေးရွာဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ရဲတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ခင်မောင်တင့်၊ စိုက်ပျိုးရေးဦးစီးဌာနမှ

စာမျက်နှာ ၃ ကော်လံ ၄ ◆



## အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းမှ MAI Sky Connect ဖျော်ဖြေရေးအစီအစဉ် မိတ်ဆက်

ရန်ကုန် ဇွန် ၂၀

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း MAI မှ မြန်မာနိုင်ငံတွင် ပထမဆုံးသော wireless inflight entertainment ဖြစ်သည့် MAI Sky Connect ကို မိတ်ဆက်ပေးထားပြီး ဇွန် ၁၇ ရက်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်သည်။

"အခုလို ကြိုးမဲ့ဖျော်ဖြေရေးစနစ်သစ်ကို မိတ်ဆက်လိုက်




ခြင်းဟာ MAI ရဲ့ ပြုပြင်ပြောင်းလဲရေး ခရီးစဉ်အတွက် အရေးပါတဲ့

စာမျက်နှာ ၃ ကော်လံ ၁ ❂



## ရန်ကုန်ကန်တော်ကြီးရေပြင်၌ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်း ဒေသကြီး မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး စွမ်းရည်သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက်ရှိ ကန်တော်ကြီး သဘာဝရေကန်၌ ကျင်းပသည်။

ထိုသို့ စွမ်းရည်ပြသရာတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ Assault Boat များ စက်စွမ်းအားပြည့် မောင်းနှင်သရုပ်ပြသခြင်း၊ Air Boat မောင်းနှင်သရုပ်ပြသခြင်း၊ Connector Boat များ စွမ်းရည်ပြသခြင်း၊ Fire Boat ဖြင့် ရေပြင်မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်း၊ Intelligent Lifebouy ဖြင့်

စာမျက်နှာ ၃ ကော်လံ ၄ ❐





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်အဖွဲ့ဝင်များ ရုရှားနိုင်ငံ မော်စကိုသို့ ရောက်ရှိ

**မော်စကို ဇွန် ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor SERGEYENKO နှင့် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin တို့၏ ဖိတ်ကြားချက်အရ 2nd International Forum of the Union State "Great Heritage – Common Future" ဖိုရမ်သို့ တက်ရောက်ရန် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၉ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ရုရှားနိုင်ငံ မော်စကိုမြို့ Sheremetyevo International Airport သို့ ဒေသစံတော်ချိန် ည ၇နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Valerievich Kara-ool နှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်နိုင်ငံ လွှတ်တော်မှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် သံရုံးဝန်ထမ်းများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



ယင်းနောက် လေဆိပ်သီးသန့်နားနေခန်းတွင် မြန်မာ- ရုရှား- ဘယ်လာရုစ် နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ချစ်ကြည်ရေးအသင်းများဖွဲ့စည်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ပညာရေးမြှင့်တင်မှု အစီအမံလုပ်ငန်းများနှင့် တက္ကသိုလ်ဝင်း သာယာလှပရေးဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ(NCC) အစည်းအဝေးခန်းမ၌ ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မူလတန်းသင်ရိုးညွှန်းတမ်းများကို ပြဋ္ဌာန်းသင်ကြားလာသည်မှာ ၁၀ နှစ်ရှိပြီဖြစ်သဖြင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်း အသစ်များအဖြစ် ပြန်လည်ပြုစုနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ဒဂုံတက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အဆိုပါတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တက္ကသိုလ်အဆင့်မြှင့်တင်ရေးနှင့် ပညာရေးမြှင့်တင်မှု အစီအမံများကို ဆွေးနွေးညှိနှိုင်းကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုသည်။

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့အစည်းအဝေးခန်းမ၌ မြန်မာစာအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြန်မာအဘိဓာန်အကျဉ်းချုပ် (စတုတ္ထတွဲ)၊ ၃၈ ဖြာမင်္ဂလာအလိမ္မာပုံပြင်များ၊ လောကနီတိ၊ ပြည်သူ့နီတိ ကျင့်ဝတ်အဖြာဖြာနှင့် ကျောင်းသုံးစာစီစာကုံးစာအုပ်များ ပြုစုထုတ်ဝေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပသည့် တရုတ်-မြန်မာ ဒြပ်မဲ့ယဉ်ကျေးမှုဖလှယ်ပွဲနှင့် ရန်ကုန်တက္ကသိုလ် သထုံလမ်း ဘောလုံးကွင်း၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ (ရန်ကုန်ဇုန်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရွှေဖိုးမှ*

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မှခ်ဦးအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကာယစွမ်းရည်ပြိုင်ပွဲများ၊ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြဘုတ်များ၊ စာအုပ်အရောင်းဆိုင်များနှင့် ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်အစားအစာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွက် ငွေကျပ် ၅၅ သိန်းကို ပေးအပ်ရာ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက လက်ခံရယူပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲများအတွက် ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်သည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း ပထမဆုံးကျင်းပသည့် ပွဲတော်ဖြစ်ပြီး မင်းဘူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူအင်အား ၂၀၀၀ ခန့် လာရောက်ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

◆ *ရွှေဖိုးမှ*

မြို့နယ်ဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးအရာရှိတို့က ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ကိုမင်း(ခရမ်း)**

❒ *ရွှေဖိုးမှ*

ရေနစ်သူများအား ကယ်ဆယ်ခြင်းနှင့် Dive Suit ဖြင့် ရေငုပ်၍ ကယ်ဆယ်ခြင်း စသည့်စွမ်းရည်သရုပ်ပြမှုတို့ကို ဆောင်ရွက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝယ်ယူဖြည့်တင်းပေးထားသည့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# လယ်ဝေးမြို့၌ ကြံစိုက်နည်းစနစ်များ ဖော်ထုတ်အသုံးပြုရေး တောင်သူပညာပေး

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ကြံစိုက်တောင်သူများ၏ ကြံသီးနှံအထွက်နှုန်း တိုးတက်ပြီး လူနေမှုဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ ရေမြေရာသီဥတုနှင့် ကိုက်ညီသော ကြံစိုက်နည်းစနစ်များ ဖော်ထုတ်အသုံးပြုနိုင်ကြရန် တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံမျိုးသန့်ခြံ(သဲဖြူချောင်း)ရှိ စိုက်ကွက်အမှတ်-A အထူး အထွက်တိုးစံပြကွက်တွင် ဆောင်ရွက်သည်။



အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံသီးနှံ မျိုးသန့်ခြံ (သဲဖြူချောင်း) ခြံတာဝန်ခံ ဒေါ်နော်မြမြစိမ်းနှင့် တာဝန်ရှိသူများက ရေမြေရာသီဥတုနှင့်ကိုက်ညီသော ကြံစိုက်နည်းစနစ်များ ဖော်ထုတ်အသုံးပြုရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ ဆွေးနွေးခဲ့ပြီး အောင်သာ၊ တဲကုန်း၊ ရေပြာ၊ ကန်တော်မင်္ဂလာ၊ အင်ပင်သာ စသည့်ကျေးရွာများမှ တောင်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❂ *ရွှေဖိုးမှ*

မှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တီထွင်ဆန်းသစ်မှု၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အကောင်းဆုံးစံနှုန်းတွေနဲ့ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုတွေကို ကျင့်သုံးပြီး ခရီးသည်တွေကို ပိုမိုကောင်းမွန်တဲ့ ခရီးသွားအတွေ့အကြုံတွေ ပေးနိုင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်" ဟု MAI လေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ်မစ္စတာ တာနက်စ် ကူးမားက ပြောကြားသည်။

ထို့ကြောင့်ခရီးစဉ်တစ်လျှောက်တွင် ကိုယ်ပိုင်ဖုန်း၊ တက်ဘလက်နှင့် လက်တော့ပ်မှတစ်ဆင့် ရုပ်ရှင်ဇာတ်ကားပေါင်း များစွာနှင့် ဂိမ်းများ၊ သီချင်းများကို ထိတွေ့ခံစားနိုင်ပြီဖြစ်သည်။

MAI Sky Connect wireless inflight entertainment ကို အသုံးပြုရန် Airplane Mode ကို ဖွင့်ထားရမည်ဖြစ်ပြီး "MAISky-Connect" Wifi network ကို ရွေးချယ်ချိတ်ဆက်ကာ မိမိခုံအရှေ့ရှိ QR Code ကို scan ပြုလုပ်၍ အသုံးပြုနိုင်မည်ဖြစ်သည်။

**MT**

## နေရာကွက်၍ မိုးကြီးနိုင်

ဇွန် ၂၁ ရက်အတွက် ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# အဌမအကြိမ်မြောက် အဘိဝိနယာစရိယ ဝိနည်းတော်စာပြန်ပွဲ ဆုနှင်းသဘင်အခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၂၀**

အဌမအကြိမ် အဘိဝိနယာစရိယ ဝိနည်းတော်စာပြန်ပွဲ စာအောင်သံဃာတော် အရှင်သူမြတ်များအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရကျောင်း သီလဝီသောဓနီသိမ်တော်၌ ကျင်းပရာ ဝိနယပါလအသင်း၏ ပဓာနဦးဆောင်ဆရာတော်ကြီး ဘဒ္ဒန္တကဝိန္ဒ အမှူးပြုသော ဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ရန်အောင်မြင်တောရကျောင်းဆရာတော် ဘဒ္ဒန္တခေမာနန္ဒက ဩဝါဒစကား မိန့်ကြားတော်မူပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်း၏ အတွင်းရေးမှူးက အဘိဝိနယာစရိယစာတော်ပြန်ပွဲနှင့်ပတ်သက်၍ အသင်းကြီး၏ဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အဌမအကြိမ်မြောက် အဘိဝိနယာစရိယ စာတော်ပြန်ပွဲတွင် အဆင့်လိုက် အောင်မြင်တော်မူကြသော ပထမအဆင့် ၃၆ ပါး၊ ဒုတိယအဆင့် ကိုးပါး၊ တတိယအဆင့် သုံးပါး စုစုပေါင်း ၄၈ ပါးကို အောင်လက်မှတ်နှင့် ကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဲခေါင်ဖိုရမ်မှသည် အနာဂတ် ခြောက်နိုင်ငံခရီးသွားမြှင့်တင်မှု၏ လင်းရောင်ခြည်သို့

မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်ကို ဇွန် ၁၄ ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အမျိုးသားခရီးသွား အာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဖိုရမ်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များ ကို စုစည်းဖော်ပြအပ်ပါသည် -

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်**
**ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

ဖိုရမ်မှာ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး အပြန်အလှန်တွေ့ဆုံတာ၊ သတင်းတွေဖလှယ်တာ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို ဆွေးနွေးတာတွေ ဆောင်ရွက်ခဲ့ကြတယ်။ မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း လက်မှတ်ရေးထိုးခဲ့တယ်။ ခရီးသွားအေဂျင်စီတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကနေ အောင်မြင်မှု အလားအလာတွေ ရှိနေပါပြီ။

ကမ္ဘာ့ခရီးသွားလာမှုမှာ ဥရောပနဲ့အာရှဆိုပြီး အပိုင်းနှစ်ပိုင်း ရှိပါတယ်။ နိုင်ငံတကာမှာ ဥရောပခရီးသွားကဏ္ဍကျဆင်းမှုရှိတယ်၊ သူတို့နိုင်ငံတွေရဲ့စီးပွားရေးအခြေအနေ၊ စက်သုံးဆီ အခက်အခဲတွေကြောင့် လေကြောင်းခရီးစဉ်တွေဖျက်သိမ်းရတဲ့အတွက် နိုင်ငံတကာခရီးသွားကဏ္ဍ ကျဆင်းသွားတယ်။ အာရှခရီးသွားကဏ္ဍမှာဆိုရင် မြန်မာနိုင်ငံကို တရုတ်နိုင်ငံက ခရီးသွားဝင်ရောက်မှု ၅၀ ရာခိုင်နှုန်း လျော့ကျသွားတာ ရှိတယ်။ အဲဒီအတွက် မြန်မာ့ခရီးသွားကဏ္ဍမြှင့်တင်ဖို့ တရုတ်နိုင်ငံကို သွားရောက်ပြီး မြန်မာနိုင်ငံရဲ့ ခရီးစဉ်ဒေသတွေကို ပြသသွားဖို့ရှိပါတယ်။ ၂၀၁၉ ခုနှစ်က တရုတ်နိုင်ငံကနေ ပုဂံကို လေယာဉ် ၁၄ စင်း တိုက်ရိုက်လေကြောင်း ပျံသန်းပြီး တရုတ်ခရီးသွားတွေ ဝင်ခဲ့ဖူးပါတယ်။ အဲဒီစံချိန်ကို ပြန်လည်ရရှိဖို့ ကြိုးစားလုပ်ဆောင်သွားမှာပါ။

နိုင်ငံတော်သမ္မတကြီး တရုတ်နိုင်ငံကို မသွားခင် တရုတ်သံတမန်တွေနဲ့ တွေ့ဆုံပြီးတော့ မြန်မာနိုင်ငံခရီးသွားကဏ္ဍအပေါ် တိုက်တွန်းဆွေးနွေးခဲ့တာ ရှိပါတယ်။ ခရီးသွားလုပ်ငန်းက မြန်မာနိုင်ငံရဲ့ စီးပွားရေးကို တစ်တပ်တစ်အား ဖြည့်ဆည်းနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်။ အဲဒီအတွက် သမ္မတကြီးက တရုတ်ခရီးစဉ်မှာ ခရီးသွားမြှင့်တင်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့မယ်လို့ ယုံကြည်ပါတယ်။

ဒေသတွင်းက ထိုင်းနဲ့ မလေးရှားမှာလည်း ခရီးသွားလုပ်ငန်း ကျဆင်းသွားပါတယ်။ ကျွန်တော်တို့အနေနဲ့ ခရီးသွားလုပ်ငန်း ပြန်လည်နိုးထဖို့ စဉ်းစားလုပ်ဆောင်သွားရမှာပါ။ ပြည်တွင်းက ဟိုတယ်၊ လုပ်ငန်းရှင်၊ ခရီးသွားလုပ်ငန်းအေဂျင်စီတွေနဲ့ ပြည်သူတွေကို အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေတယ်။ ပြီးတော့ မြန်မာ့ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ဖို့ သက်ဆိုင်တဲ့ ဒေသဆိုင်ရာအာဏာပိုင်တွေနဲ့ ပူးပေါင်းကြိုးစားနေပါတယ်။ ပုဂံဒေသ ခရီးသွားမြှင့်တင်ရေးကိုလည်း ဆောင်ရွက်နေတာ ရှိပါတယ်။ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ဒေသတွင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက ပြန်လည်နိုးထလာမှာပါ။

**ဦးအောင်အေးဟန်**
**ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန**

ခရီးသွားလုပ်ငန်းဆိုတာ ပြည်သူအားလုံးအတွက် ဖော်ညွှန်းတာဖြစ်တဲ့အတွက် ပြည်သူဆိုရာမှာလည်း အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေ၊ ဧည့်လမ်းညွှန်တွေ၊ အိမ်တွင်းမှုလုပ်ငန်း လုပ်ဆောင်သူတွေ အကုန်လုံး ပါဝင်ပါတယ်။ ခရီးသွားလုပ်ငန်းက အကျိုးအမြတ်အားလုံးကို လူတန်းစားပေါင်းစုံ ခံစားရရှိနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဖိုရမ်ကို ကျင်းပခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခုက ခရီးသွားတွေအနေနဲ့ အပန်းဖြေခရီးစဉ်အပြင် နိုင်ငံရဲ့ သဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာဓလေ့တွေကိုထိန်းသိမ်းစောင့်ရှောက်နိုင်အောင် အသိပညာပေးတဲ့ ရည်ရွယ်ချက်လည်း ပါပါတယ်။

ခရီးသွားလုပ်ငန်း မြှင့်တင်မှုအဖြစ် နိုင်ငံခြောက်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရာမှာ ပထမဆုံးအနေနဲ့ နှစ်နိုင်ငံခရီးစဉ်၊ သုံးနိုင်ငံခရီးစဉ်၊ နောက်ဆုံးမှာ ခြောက်နိုင်ငံ ခရီးစဉ်အဖြစ် မဲခေါင်ခြောက်နိုင်ငံ ပူးပေါင်းထားတဲ့ ခရီးစဉ်ဒေသကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်တာ ဖြစ်ပါတယ်။ ခရီးသွားမြှင့်တင်မှုမှာ ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ ပုဂံ စတဲ့ ခရီးစဉ်ဒေသတွေကို အဓိကဆောင်ရွက်ထားပြီး လက်ရှိမှာတော့ ပြည်တွင်းခရီးသွားများနေပါတယ်။ အခုလို ခရီးသွားဖိုရမ်ကို မြန်မာနိုင်ငံမှာ လက်ခံကျင်းပတဲ့အတွက် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှု၊ စည်ပင်ဖွံ့ဖြိုးမှုကို လက်တွေ့ကျကျ ပြသခွင့်ရတယ်။

**ဦးရန်ဝင်း ဥက္ကဋ္ဌ၊**
**မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်**

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကနေ ခြောက်နိုင်ငံ ပူးပေါင်းဆောင်ရွက်တဲ့ ခရီးစဉ်ဒေသအဖြစ် တစ်ဆင့်ချင်း ဆောင်ရွက်သွားမယ်ဆိုရင် ဖိုရမ်မှာ ပါဝင်တဲ့ နိုင်ငံ ခြောက်နိုင်ငံအနေနဲ့ ခရီးသွားဝင်ရောက်မှု မြင့်တက်လာမှာပါ။ ပထမအနေနဲ့ ကမ္ဘောဒီးယားနဲ့ ပူးပေါင်းပြီး လေကြောင်းခရီးစဉ်တွေ တိုက်ရိုက်ပြေးဆွဲနိုင်ဖို့ ကြိုးစားနေတာရှိပါတယ်။ နှစ်စဉ် ကမ္ဘောဒီးယားနိုင်ငံကို ခရီးသွားဝင်ရောက်မှုများ အတွက်ကြောင့်ပါ။ အန်ကောဝပ် ဘုရားကျောင်းတစ်ခုတည်းကိုပဲ တစ်နှစ်ကို ခရီးသွား ၄ သန်း၊ ၅ သန်းလောက် ဝင်ရောက်တဲ့အတွက် မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယား တိုက်ရိုက်လေကြောင်းလိုင်းဖွင့်လှစ်ရင် အဲဒီကနေ ခရီးသွား ဝင်ရောက်လာနိုင်ပါတယ်။ မြန်မာ-ကမ္ဘောဒီးယား - ထိုင်း သုံးနိုင်ငံ ခရီးသွားမြှင့်တင်မှုအဖြစ် တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲသွားမယ်ဆိုရင်လည်း လာမယ့်ပွင့်လင်းရာသီမှာ မြန်မာနိုင်ငံရဲ့ ခရီးစဉ်ဒေသတွေမှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေနဲ့ စည်ကားလာမှာပါ။ ခြောက်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကတော့ အကောင်းဆုံးခရီးသွားကဏ္ဍကို တွေ့မြင်ရမှာပါ။

ပြည်ပနိုင်ငံတွေရဲ့ ခရီးသွားမြှင့်တင်မှုအစီအစဉ်တွေ၊ ဘယ်လိုလုပ်ဆောင်နေတယ်ဆိုတာ၊ ရန်ပုံငွေဘယ်လိုရှာဖွေနေတယ်ဆိုတာ လေ့လာပြီးတော့ ကျွန်တော်တို့ နိုင်ငံအတွက် လုပ်ဆောင်နိုင်ဖို့ ကြိုးစားနေပါတယ်။ မဲခေါင်ဖိုရမ်ကို မြန်မာနိုင်ငံမှာ ကျင်းပခြင်းကနေ အာဆီယံနဲ့ ကမ္ဘာကို မြန်မာ့ခရီးသွားအပါအဝင် မဲခေါင်ခြောက်နိုင်ငံရဲ့ ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးဖို့ ကြေညာနိုင်တဲ့အခြေအနေကို ရောက်ရှိခဲ့ပါပြီ။ မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ လင်းရောင်ခြည်သန်းပါပြီ။ လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တိုင်းကို ဧည့်ဝတ်ကျေပွန်သွားမယ်လို့ သတင်းစကားပါးချင်ပါတယ်။ **သစ္စာ(mna)**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်



ဦးအောင်အေးဟန် (ညွှန်ကြားရေးမှူးချုပ်)



ဦးရန်ဝင်း (ဥက္ကဋ္ဌ)

## လှိုင်ကော်မြို့ ထေးဌားလျားရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ် နှင့် UID ကတ် ဆောင်ရွက်ပေး

**လှိုင်ကော် ဇွန် ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်ကော်မြို့နယ်ဦးစီးမှူးရုံးမှ ယနေ့နံနက်ပိုင်းက ထေးဌားလျားရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးထုတ်ပေးခြင်း ဆောင်ရွက်ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်က ကြီးကြပ်ကာ ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်နှင့် UID ကတ်များကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုအားပေး

**ဘားအံ ဇွန် ၂၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့ တောင်ကလေး အခြေခံပညာ အထက်တန်းကျောင်း၊ လှာကမြင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့တွင် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘားအံမြို့၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော နောင်ခရိုင်ကျေးရွာရှိ နောင်ခရိုင်မဇ္ဈိမလိုဏ်ဂူကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Placement Test (အထူးအစီအစဉ်) စာမေးပွဲကို ဘားအံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ Placement Test (အထူးအစီအစဉ်) စာမေးပွဲကို ဇွန် ၁၅ ရက်မှ ၂၀ ရက်အထိ ဖြေဆိုလျက်ရှိရာ ကရင်ပြည်နယ်အတွင်းရှိ စာစစ်ဌာနကိုးခုတွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသော Grade-1 မှ Grade-8 ထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း သုံးထောင်ကျော် ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန စိတ်ကျန်းမာရေး ဆေးရုံဝင်းအတွင်း ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့က သတ်မှတ်နေရာများတွင် သစ်ပင်များကို စတင်စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက် လာကြသူများ၏ သစ်မျိုး ၁၇ မျိုး၊ အပင်စုစုပေါင်း ၁၇၄၀ စုပေါင်းစိုက်ပျိုးမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**သာယာဝတီ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာယာဝတီမြို့နယ် သဲဖြူကျေးရွာအုပ်စု၌ တစ်ဆက်တစ်စပ်တည်း အကွက်ကျယ် စံပြကွက် ဧက ၃၀၀ မြေယာပြုပြင်ခြင်း ဆောင်ရွက်ထားရှိမှုနှင့် (Drum Seeder) မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ လယ်မြေများကို Soil Test မြေချဉ်ငန်ဓာတ် လက်တွေ့စမ်းသပ်တိုင်းတာပြသသည်။

ထို့နောက် လက်ပံတန်းမြို့နယ် ချမ်းသာကုန်းကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဦးမောင်မောင်၏ ဥစားဘဲကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှုနှင့် ကြို့ပင်ကောက်မြို့ ဈေးချိုတောင်ရပ်ကွက်ရှိ ဦးညဏ်မြင့်၏ ကောင်းခြင်းမင်္ဂလာ ကောက်ရိုးမှို ပျိုးထုတ်လုပ်ငန်းတို့အား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(မြန်/ဆက်)**



# နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ဗဟိုလေ့ကျင့်ရေးကျောင်းနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိဗဟိုလေ့ကျင့်ရေးကျောင်းသို့သွားရောက်၍ ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမများ၊ စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ခရိုင်ကြီးကြပ်ရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများ၊ ယန္တရားကြီးများနှင့် ထောက်ပံ့ရေးပစ္စည်းများ ထိန်းသိမ်းထားရှိမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ပြီး ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ဒီဂရီကောလိပ်အတွင်းရှိ တိုင်းရင်းသားရိုးရာပြခန်း၊ မိုးလုံလေလုံအားကစားရုံ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ သုံးထပ်ကျောင်းသူအိပ်ဆောင် တည်ဆောက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဥတုရာသီ တောကိုမှီ၏။**

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြစ်ကြီးနားမြို့ အားဆာကျေးရွာ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**မြစ်ကြီးနား ဇွန် ၂၀**

၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြစ်ကြီးနားမြို့ ရွှေပြည်သာရပ်ကွက် အားဆာကျေးရွာသွားလမ်းဘေး၌ ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

ဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင်များဖြစ်သည့် ဒေါ်မြကေသွယ်၊ ဒေါ်သွဲ့လေးအောင်နှင့် အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းတို့က ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးကြီးကြပ်မှုစောင့်ရှောက်ရေးအသင်းဝင်များထံ ပျိုးပင်များ ဖြန့်ဝေပေးအပ်ပြီး တက်ရောက်လာသူများနှင့်အတူ သတ်မှတ်နေရာများ၌ သစ်အယ်၊ ရေပိတောက်၊ စိန်ပန်း၊ ပျဉ်းကတိုးစသည့် အရိပ်ရနှစ်ရှည်ပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(မြန်/ဆက်)**





# သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**သုံးခွ ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား ဇွန် ၁၇ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစသန့်ဖုးအောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မြတ်စုနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# အေးအတူ ပူအမျှ အသိုက်အဝန်း၏ တောက်ပသည့်အနာဂတ်သို့ ဦးတည်

**သိဃ်သူ**

*(ယမန်နေ့မှ အဆက်)*

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန် ၁၉ ရက်တွင် ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ နည်းပညာမြင့်စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာကြရာ ဦးစွာ Zhejiang Leapmotor Technology Co., Ltd. သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာကျူးကျန်းမင်းနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ Zhejiang Leapmotor Technology Co., Ltd. သည် လျှပ်စစ်ကား(EV) များ အဓိကထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ရာ ကုမ္ပဏီသက်တမ်းမှာ ဆယ်စုနှစ်တစ်ခု စွန်းရုံမျှသာ ရှိသေးသည်။ တည်ထောင်ပြီး သုံးနှစ်ကျော်ခန့်အကြာ ၂၀၁၉ ခုနှစ်တွင် Leapmotor ၏ ပထမဆုံးထုတ်ကုန်ဖြစ်သော Leapmotor S01 လျှပ်စစ်တံခါးနှစ်ပေါက်ကား တရုတ်ဈေးကွက်သို့ စတင်ဝင်ရောက်နိုင်သည်။ နောက်နှစ် ၂၀၂၀ ပြည့်နှစ် မေလတွင် ဒုတိယမြောက် EV ဖြစ်သည့် Leapmotor T03 လျှပ်စစ်မြို့ပြမော်တော်ကား (electric city car) ကို ထပ်မံမိတ်ဆက်ခဲ့သည်။

Leapmotor မှ ကနဦး စတင်ထွက်ပေါ်လာသည့် S01 သည် အောင်မြင်မှုမရခဲ့။ ထိုစဉ်က ဈေးကွက်အတွင်းမှ လူကြိုက်များလျက်ရှိသည့် အခြားပြိုင်ဘက်များကို မယှဉ်နိုင်ခြင်းနှင့် ဈေးကွက်အတွေ့အကြုံ အားနည်းချက်များကြောင့် S01 မှာ အခြေအနေ ဆိုးခဲ့ရသည်။ သို့ရာတွင် နောက်တစ်နှစ်တွင် Leapmotor က ထုတ်လုပ်သည့် T03 Electric City Car မှာမူ အလွန်အောင်မြင်ပြီး အရောင်းရဆုံးဖြစ်ခဲ့သည်။ မြို့တွင်းသုံး လျှပ်စစ်ကားငယ် (Micro EV) ကလေးဖြစ်သည့် T03 သည် တရုတ်နိုင်ငံတွင် သာမက ဥရောပနှင့် နိုင်ငံတကာဈေးကွက်များအထိပါ ထိုးဖောက်အောင်မြင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံး ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Stellantis က Leapmotor ၏ ရှယ်ယာ ၂၀ ရာခိုင်နှုန်းကိုဝယ်ယူပြီး ၂၀၂၄ ခုနှစ်တွင် ဥရောပနိုင်ငံများ၌ Leapmotor ကားများကို စတင်ရောင်းချခဲ့ရာ ယခုနှစ်အစပိုင်းစာရင်းများအရ ရောင်းအား ၆၇၇ ရာခိုင်နှုန်းအထိ ခုန်တက်သွားသည်ဟု သိရသည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။

လက်ရှိအချိန်တွင် Leapmotor သည် နည်းပညာအသစ်များဖြင့် T03, C10, C16 စသည့် နာမည်ကြီးမော်ဒယ်လ်များ ထုတ်လုပ်ကာ တရုတ်ပြည်တွင်းမှသာမက ကမ္ဘာ့ဈေးကွက်တွင်ပါ အောင်မြင်သော ထိပ်တန်း EV ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နေသည်။

လေ့လာမှုများအပြီးတွင် Zhejiang Leapmotor Technology Co., Ltd. ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Zhejiang Qingshi New Material Technology Co., Ltd. သို့ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာတုကော်ဖျင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါကုမ္ပဏီသည် နည်းပညာအခြေပြု ပုဂ္ဂလိကလုပ်ငန်းတစ်ခုဖြစ်ပြီး အရည်အသွေးမြင့် ဝါးချည်မျှင်၊ ဝါးချည်မျှင် ရောစပ်ထားသောချည်များ၊ အထည်အလိပ်များကို ထုတ်လုပ်လျက်ရှိသည်။ ဝါးမှ ချည်မျှင်ထုတ်လုပ်ရာတွင် အမျိုးအစားကောင်းသည့် ဝါးပင်များကို သုတေသနပြုရွေးချယ်၍ ရူပဗေဒနည်းပညာဖြင့် ဝါးချည်မျှင်ရရှိအောင် အဆင့်ဆင့်ထုတ်လုပ်ခြင်းဖြစ်သည်ဟု သိရသည်။ ဝါးချည်မျှင်ကို အခြားချည်မျှင်အမျိုးမျိုးနှင့် အချိုးကျရောစပ်ချည်များ၊ အထည်အလိပ်များ၊ အဝတ်အထည်များ ထုတ်လုပ်ပြီး ဝယ်ယူသူများ မှာယူလိုသည့် လိုအပ်ချက်များနှင့်အညီလည်း အထူးပြုလုပ် ထုတ်လုပ်ပေးလျက်ရှိသည်ဟု သိရသည်။ ၂၀၂၅ ခုနှစ်တွင် ဗက်တီးရီးယားပိုးသတ်နှုန်း ၉၉ ဒသမ ၂ ရာခိုင်နှုန်းရှိသည့် ဝါးချည်မျှင်တန်ချိန် ၁၈၀၀၀ ထုတ်လုပ်နိုင်ခဲ့သည်။ ဝါးချည်မျှင်နှင့် အထည်ထုတ်လုပ်သည့် စက်ရုံများကို ဝါးများ အများအပြားပေါက်ရောက်သည့် ဖူးကျန့်ပြည်နယ် နန်ပင်းမြို့တွင် တည်ထားသည်ဟု သိရသည်။

နိုင်ငံတော်သမ္မတသည် ဝါးချည်မျှင်ထုတ်လုပ်သည့်စက်ဖြင့် ဝါးချည်မျှင်များ ထုတ်လုပ်ထားမှု၊ ဝါးချည်မျှင်နှင့် အခြားချည်မျှင်များ ရောနှောပေါင်းစပ်မှု၊ ချည်မျှင်ရရှိလာမှုအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Unitree Robotics Co.,Ltd. သို့ လေ့လာရေးခရီး ဆက်ကြသည်။ ခရီးစဉ်၏ နောက်ဆုံးနေ့ဖြစ်သည့် အလျောက် ပြန်လည်မထွက်ခွာမီ အချိန်ရသရွေ့ လေ့လာနိုင်သမျှ လေ့လာကြခြင်းသည် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေရန် ဖြစ်သည်။

Unitree Robotics Co.,Ltd. သို့မဟုတ် Yushu Technology Co.,Ltd.သည် ဟန်ကျိုးမြို့တွင် ရုံးချုပ်ရှိသော ကမ္ဘာကျော် ပုဂ္ဂလိက စက်ရုပ်ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စွမ်းဆောင်ရည်မြင့်တိရစ္ဆာန်ပုံသဏ္ဌာန်စက်ရုပ်(quadruped robots)၊ လူသားပုံသဏ္ဌာန်စက်ရုပ် (humanoid robots) နှင့် အသိဉာဏ်တုနည်းပညာသုံး မော်ဒယ်(AI model)များ သုတေသနပြု ထုတ်လုပ်ရောင်းချလျက်ရှိသည်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Unitree Robotics Co., Ltd. ၌ စက်ရုံမှ ထုတ်လုပ်ထားသည့် နေအိမ်ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့် စက်ရုပ်သရုပ်ပြသခြင်းကို ကြည့်ရှုလေ့လာစဉ်။

- **နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ် ဦးတည်လျက် ခရီးစဉ်အတွင်း တရုတ်နှင့် မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်နိုင်ခဲ့သည်။ စီးပွားရေး၊ အာကာသနည်းပညာနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်နိုင်ခဲ့**
- **ခရီးစဉ်အတွင်း တရုတ်-မြန်မာ “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရန်၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး ပိုမိုခိုင်မာလေးနက်မှုရှိစေရန် ကိစ္စရပ်များအပေါ် အရေးကြီးသော သဘောတူညီချက်များ ရရှိခဲ့**

*စာမျက်နှာ ၆ မှ*

Unitree ၏ စွမ်းဆောင်ရည်မြင့် တိရစ္ဆာန်ပုံသဏ္ဌာန်စက်ရုပ် (quadruped robots)များကို လက်လီရောင်းချလျက်ရှိရာ နှစ်စဉ် ကမ္ဘာ့ဈေးကွက်ကို ဦးဆောင်လျက်ရှိသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူသားပုံသဏ္ဌာန် စက်ရုပ်ဈေးကွက်၏ သုံးပုံတစ်ပုံကို ရရှိထားသည်ဟု သိရသည်။

Unitree သည် လွတ်လပ်သော သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစုဖြစ်သည်။ နည်းပညာဆန်းသစ်တီထွင်မှုကို အထူးအလေးပေးပြီး အသိဉာဏ်တု (AI) နည်းပညာများ၊ ရွေ့လျားမှု ထိန်းချုပ်မှု အယ်လ်ဂိုရစ်သမ်များအပါအဝင် အဓိကအစိတ်အပိုင်းအားလုံးကို တရုတ်ပြည်တွင်း၌ပင် ရာနှုန်းပြည့် တီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။ Unitree ၏ တီထွင်မှုများမှာ ပြည်တွင်းနှင့် နိုင်ငံတကာမူပိုင်ခွင့်လျှောက်လွှာ ၂၀၀ ကျော် တင်သွင်းထားပြီး မူပိုင်ခွင့် ၁၈၀ ကျော် ရရှိထားပြီးဖြစ်သည်ဟု သိရသည်။

နိုင်ငံတော်သမ္မတသည် စက်ရုပ်များ၊ စက်ရုပ်အစိတ်အပိုင်းများ ထုတ်လုပ်ထားမှု၊ စွမ်းဆောင်ရည်မြင့် စက်ရုပ်များ၏ လူသားတစ်ဦးအသွင်လှုပ်ရှားသွားလာခြင်း၊ သဘာဝဘေးအန္တရာယ်များတွင် အသုံးပြုခြင်း၊ မြန်မာ၊ တရုတ်ရိုးရာအကများ ကပြခြင်း၊ လက်ဝှေ့ထိုးသရုပ်ပြခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ နေအိမ်များတွင် ဝန်ဆောင်မှုလုပ်ငန်းများ၌ အသုံးပြုခြင်းတို့ကို လုပ်ဆောင်ပြသမှုများအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုပြီး သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် Unitree ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ စက်ရုပ်တစ်ရုပ် ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်သမ္မတက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ဟန်ကျိုးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ကျဲ့ကျန်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ပြန်လည်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Unitree Robotics Co., Ltd. ၌ စက်ရုံမှ ထုတ်လုပ်ထားသော စွမ်းဆောင်ရည်မြင့် အသိဉာဏ်တုနည်းပညာသုံးမော်ဒယ်လ် အသုံးပြုထားသည့် လူသားပုံသဏ္ဌာန်စက်ရုပ်များ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။

**◆ မိမိတို့နိုင်ငံသည် ရေခံ၊ မြေခံ ကောင်းသည့်နိုင်ငံ၊ သဘာဝတရားက မျက်နှာသာပေးထားသည့် နိုင်ငံ၊ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့တွင်ပါ အရေးပါအရာရောက်နေသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် မျက်နှာသာပေးမှုများ၊ အရေးပါမှုများ၏နောက်တွင် စိန်ခေါ်မှုများကလည်းရှိနေသည်။ သဘာဝအတိုင်းရလာသည့် အခွင့်အလမ်းများကို ရအောင်ယူနိုင်ရန်မှာ မိမိတို့တွင် စည်းလုံးညီညွတ်မှု၊ တိုင်းပြုပြည်ပြု စိတ်ဓာတ်ကောင်းများရှိမှု၊ ဉာဏ်ပညာပြည့်ဝမှု၊ ဇွဲ လုံ့လ ဝီရိယရှိမှုတို့နှင့်အတူ ဖွံ့ဖြိုးတိုးတက်လိုသည့် အလိုဆန္ဒလည်း အဓိပတိ တင်နေဖို့လို**

ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အပြင် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များအလိုက်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ တရုတ်အကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်အထိလည်းကောင်း၊ တပ်မတော်လေဆိပ်အဝင်လမ်းတစ်လျှောက်တွင်လည်းကောင်း နှစ်နိုင်ငံချစ်ကြည်ရေးစာတန်းများကိုင်ဆောင်၍ မြန်မာနှင့် တရုတ် အလံငယ်များ ဝှေ့ယမ်းကာ နှစ်နိုင်ငံချစ်ကြည်ရေး ကြွေးကြော်သံများ ကြွေးကြော်၍ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ် ဦးတည်လျက် ခရီးစဉ်အတွင်း တရုတ်နှင့် မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်နိုင်ခဲ့သည်။ စီးပွားရေး၊ အာကာသနည်းပညာနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်နိုင်ခဲ့သည်။

ခရီးစဉ်အတွင်း တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရန်၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး ပိုမိုခိုင်မာလေးနက်မှုရှိစေရန် ကိစ္စရပ်များအပေါ် အရေးကြီးသော သဘောတူညီချက်များ ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် သမ္မတ ရှီကျင့်ဖျင်၏ လူသားမျိုးနွယ်စုတစ်ရပ်လုံးအတွက် အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်ရေးအဆိုပြုချက်များနှင့် ကမ္ဘာလုံးဆိုင်ရာအစီအမံ (၄)ရပ်တို့အပေါ် အလေးအနက်တန်ဖိုးထားပြီး အဆိုပါမူဘောင်များသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖြစ်ထွန်းမှုတို့ကို သိသာထင်ရှားစွာ အထောက်အကူပြုကြောင်း မှတ်တမ်းတင်



Zhejiang Leapmotor Technology Co., Ltd. ၌ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့်ကို မြင်တွေ့ရစဉ်။

အသိအမှတ်ပြုခဲ့သည်။ လူသားမျိုးနွယ်စုတစ်ရပ်လုံးအတွက် အဆိုပြုချက်များနှင့် အစီအမံများသည် ဧကဝင်ရိုးကမ္ဘာ အခင်းအကျင်းများ ယိုယွင်းပျက်စီးပြီး ဗဟုဝင်ရိုးကမ္ဘာ အခင်းအကျင်းတွင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အတွက် စံနှုန်းအသစ်များ၊ တန်ဖိုးအသစ်များ၊ အိုင်ဒီယာအသစ်များဖြစ်လာမည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် ရေရှည်တွင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ တရားနှင့်အညီရသင့်ရထိုက်သည့်နေရာနှင့် ဂုဏ်သိက္ခာတို့ကို ရရှိလာမည်ဖြစ်သည်။ လက်ရှိအနေအထားတွင်လည်း တရုတ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် အာဆီယံတွင် မြန်မာနိုင်ငံဘက်မှ အပြည့်အဝရပ်တည်ပေးလျက်ရှိကြောင်းကိုလည်း ထပ်မံအတည်ပြုခဲ့သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံစလုံးက နှစ်ဖက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ အထောက်အကူပြုရေး ကဏ္ဍအသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်၊ နှစ်ဖက်သဘောတူညီထားသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများမှတစ်ဆင့် တရုတ်နိုင်ငံက ဆက်လက်ပံ့ပိုးကူညီသွားရန် စသည်တို့အပါအဝင် သဘောတူညီချက်များက နိုင်ငံနှင့် ပြည်သူတို့အတွက် အကျိုးရလဒ်များစွာ တိုးတက်ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ အချုပ်အားဖြင့် ဆိုရလျှင် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit)မှာ နိုင်ငံနှင့်ပြည်သူတို့အတွက် အကျိုးစီးပွားများစွာ ဆောင်ကြဉ်းလာနိုင်သော အောင်မြင်သည့်ခရီးစဉ်ပင် ဖြစ်သည်။

ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီးတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အောင်မြင်မှုများမှ မိမိတို့အနေဖြင့် သင်ယူစရာ များစွာရှိနေသည်။ အတွေးအခေါ်၊ အယူအဆတစ်ရပ်ကို အသေစွဲကိုင်မထားဘဲ နိုင်ငံနှင့်ပြည်သူကောင်းကျိုးချမ်းသာဖြစ်ထွန်းရေးသို့ ဦးတည်ခဲ့ခြင်း၊ အသိပညာ၊ အတတ်ပညာ၊ ဉာဏ်ပညာတို့ကို စုဆောင်းကာ နိုင်ငံကို ခေတ်မီအောင် တည်ဆောက်ခဲ့ခြင်း၊ အတိတ်ကို သင်ခန်းစာယူကာ အပေါင်းလက္ခဏာဆောင်သော အကောင်းမြင်စိတ်ဓာတ်ဖြင့် ရှေ့သို့သာ ရှုမျှော်လုပ်ကိုင်ကြခြင်း၊ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနောက်တွင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ လိုက်ပါဆောင်ရွက်ခဲ့ကြခြင်း၊ ဇွဲ လုံ့လ ဝီရိယဖြင့် စိတ်အားထက်သန်စွာ အလုပ်လုပ်ကြခြင်း၊ သုတေသနနှင့် တီထွင်မှုများကို တစိုက်မတ်မတ် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ကြခြင်း စသည့် စံနမူနာယူဖွယ်များစွာတို့ကို မိမိတို့ အတုယူနိုင်ကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ရေခံ၊ မြေခံ ကောင်းသည့်နိုင်ငံ၊ သဘာဝတရားက မျက်နှာသာပေးထားသည့်နိုင်ငံ၊ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးတို့တွင်ပါ အရေးပါ အရာရောက်နေသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် မျက်နှာသာပေးမှုများ၊ အရေးပါမှုများ၏နောက်တွင် စိန်ခေါ်မှုများကလည်း ရှိနေသည်။ သဘာဝအတိုင်းရလာသည့် အခွင့်အလမ်းများကို ရအောင်ယူနိုင်ရန်မှာ မိမိတို့တွင် စည်းလုံးညီညွတ်မှု၊ တိုင်းပြုပြည်ပြု စိတ်ဓာတ်ကောင်းများရှိမှု၊ ဉာဏ်ပညာပြည့်ဝမှု၊ ဇွဲ လုံ့လ ဝီရိယရှိမှုတို့နှင့်အတူ ဖွံ့ဖြိုးတိုးတက်လိုသည့် အလိုဆန္ဒလည်း အဓိပတိတင်နေဖို့လိုသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် သယံဇာတအရင်းအမြစ်အားလုံးထက် လူသားအရင်းအမြစ်ကသာလျှင် အဓိကဖြစ်ရာ မိမိတို့အားလုံး တစည်းတလုံးသော အင်အားကိုစုစည်းကာ နိုင်ငံ့သမိုင်းသစ်ကို ရေးထိုးကြပါစို့ဟူ၍။

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇွန် ၂၀**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ နောင်ယားကန်သာအတွင်း စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မြေယာပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် လွိုင်ကော်တက္ကသိုလ်အတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် တက္ကသိုလ်မှ ဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ဒေါ်နိုးကူးရပ်ကွက် အောင်ဇေယျလမ်းဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုပြီး မိုးရာသီကာလတွင် ရေဝပ်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ရန်၊ လမ်းပခုံးများ မြှင့်တင်ဆောင်ရွက်ရန်၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ ထင်းအစားထိုး စွမ်းအားမြင့်မီးဖိုများ တိုးချဲ့သုံးစွဲရေး အသိပညာပေး

**ပေါင် ဇွန် ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သဘာဝတောများမှ ထင်းအစားထိုး စွမ်းအားမြင့်မီးဖိုများ တိုးချဲ့သုံးစွဲရေးနှင့် တရားမဝင်သစ်လျှော့နည်းပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(ကျွဲခြံ)ကျောင်း၌ပြုလုပ်ရာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ပေါင်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက ဟောပြောဆွေးနွေးကာ ကျောင်းသား ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အခမ်းအနား တက်ရောက်

**နေပြည်တော် ဇွန် ၂၀**

အမျိုးသမီးရေးရာဝန်ကြီးဌာနမှ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် အမျိုးသမီးရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေး လုပ်ငန်းစဉ်များ၊ အမျိုးသမီး အခွင့်အရေးများနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ဗဟုသုတရရှိစေပြီး နိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို သိရှိနားလည်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

အမျိုးသမီးများ အနေဖြင့် ခေတ်မီပညာရေးနှင့် ခေတ်မီနည်းပညာများ တတ်မြောက်ရန်လိုအပ်သကဲ့သို့ ပညာရေးအားနည်းသူများအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို တိုးမြှင့်သင်ကြားပေးကာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ Gender Mainstreaming လုပ်ငန်းရပ်များသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် ဆောင်ရွက်နေသည့် မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များတွင် ကျား၊ မ ရေးရာ အမြင်ထည့်သွင်းဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက မိတ်ဆက်ကြပြီး အခမ်းအနားသို့ သင်တန်းသူသင်တန်းသား ၁၁၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ကျောက်ဆည် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ဇွန် ၁၇ ရက်က ကျင်းပရာ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသင်းသင်းနွဲ့က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံ လူ့စွမ်းအားအရင်းအမြစ်ဌာနမှ ဦးနေမျိုးစန်းလှိုင်က ဘိလပ်မြေထုတ်လုပ်ပုံအဆင့်ဆင့်အကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာသင်ကြားရာ၌ အထောက်အပံ့ရရှိရေး စက်ရုံလည်ပတ်နေမှုများအား လက်တွေ့ကွင်းဆင်းလေ့လာနိုင်ရေးအကြောင်းများ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ဘိလပ်မြေစက်ရုံအကြောင်း သိကောင်းစရာများကိုပြောကြားခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



■ ***အွန်လိုင်းလိမ်လည်မှုမှ***

အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသားလေးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၈ ဦး ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❍ ***မော်တောင်မြို့မှ***

ဒုတိယ ဗိုလ်မှူးကြီး ကျော်ဇေယျာထွေး၊ မော်တောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဝေလှိုင်စိုးနှင့် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်းပါဝင်၍ ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာစေရေး၊ ရောဂါဖြစ်ပွားမှုလျော့နည်းစေရေးနှင့် ပြည်သူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ အမြန်ဆုံး ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကျေးရွာသစ်တော**
**ထင်းမှော်အိမ်တိုင်**
**လိုင်လိုင်ရဖို့**
**စိုက်ပျိုးစို့။**

❒ ***ကျော့ဖုံးမှ***

သွင်းဂိုးများနှင့်အတူ သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

ဟောတီအသင်းသည် အစပိုင်းပွဲချိန်များတွင် ဘရာဇီးအသင်း၏ ဖိအားပေးကစားမှုအောက် အသင်းကစားပုံ ဟန်ချက်ပျက်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ပြန်လည်ထိုးဖောက်တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ဘရာဇီးအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ မိုရိုကိုအသင်းနှင့် ရမှတ် ၄ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။


နံနက် ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် တူကီယဲနှင့် ပါရာဂွေးအသင်းပွဲစဉ်တွင် ပါရာဂွေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်တက်လှမ်းနိုင်မည့် အခွင့်အရေးကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ တူကီယဲအသင်းသည် တစ်ယောက်လျော့ ပါရာဂွေးအသင်းကို ဂိုးပေါက်ကန်သွင်းမှု ၃၂ ကြိမ်နှင့်အတူ တစ်ဖက်သတ်ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။ **အောင်ဇော်**

✪ *ကျောဖုံးမှ*

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြိုင်မြို့နယ် နှမ်းဆီကန်ကျေးရွာနှင့် သရက်ကန်ကျေးရွာကြားရှိ ကမ္မ-မြိုင်သွား ကားလမ်းဘေး ဝဲ/ယာဘက်များ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့ထောင်ထားသည့် ဆီပီပါဖြင့် ပြုလုပ်ထားသည့် ကားမိုင်းကြီးအလုံး ၂၀၊ လက်လုပ်ရှေ့ထွက်မိုင်း ၁၇ လုံး၊ လက်လုပ်ကားနင်းမိုင်း ၁၅ လုံး၊ လက်လုပ်တိုက်မိုင်း ရှစ်လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ခြောက်လုံး၊ ဒေသန္တရလက်လုပ်နင်းမိုင်း ၁၂ လုံး၊ အမ်-၁၄ နင်းမိုင်းနှစ်လုံး စုစုပေါင်း လက်လုပ်မိုင်းမျိုးစုံအလုံး ၈၀ တို့ကို ယမန်နေ့က ထပ်မံ



PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထောင်ထားသည့် လက်လုပ်မိုင်းများအား တွေ့ရစဉ်။




တွေ့ရှိခဲ့ပြီး အဆိုပါမိုင်းများအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ်ကာ စနစ်တကျ ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ ထို့ပြင် သရက်ကန်ကျေးရွာအနီးရှိ အကျယ် ၂၈ ပေ၊ အရှည် ၁၂ ပေခန့်ရှိ ပျက်စီးနေသည့် တံတားတစ်စင်းအား မိုင်းရှင်းလင်းကာ ကျောက်၊ သစ်တုံး၊ သဲအိတ်များဖို့၍ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့၍ ဒေသခံပြည်သူများ အန္တရာယ်ကင်းစွာ အသုံးပြုဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *မြန်မာ-အိန္ဒိယမှ*

ကလေး - တမူး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အရှေ့ခုံသာကျေးရွာ၊ ၅၆ မိုင်ကျေးရွာ၊ ၅၅ မိုင်ကျေးရွာတို့အားလည်းကောင်း၊ အလားတူ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် နန်းမွတ်တားကျေးရွာ၊ ရန်လင်းပိုင်ကျေးရွာနှင့် ၎င်းကျေးရွာအနီး နှစ်နိုင်ငံနယ်စပ်ရှိ အကြမ်းဖက်သမားများ အခြေချနေထိုင်သည့် စခန်းတို့အားလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ရာဇဂြိုဟ်ကျေးရွာနှင့် ရာဇဂြိုဟ်ရေလှောင်တမံတို့အားလည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ရန်မျိုးအောင်ကျေးရွာအားလည်းကောင်း၊ ဇွန် ၁၆ ရက်တွင် စော်ဘွားရေရှင်ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာအား လည်းကောင်း သိမ်းပိုက်ရှိခဲ့ပြီး ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများသည် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းများသည် ဇွန် ၁၉ ရက်တွင် ခွန်နိုင်းကျေးရွာနှင့် နန်းခေါက်ခေါက် ကျေးရွာတို့အားလည်းကောင်း၊ ယနေ့တွင် နန်းကတိတ်ကျေးရွာနှင့် ခါမ်းပါတ်မြို့အားလည်းကောင်း အောင်မြင်စွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် မြို့၏ မြောက်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် အဆိုပါပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို အသေးစိတ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယနေ့သိမ်းပိုက်ရရှိခဲ့သော ခါမ်းပါတ်မြို့သည် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းပါဝင်သည့် မြို့နယ်ခွဲတစ်ခုဖြစ်ပြီး အိန္ဒိယနယ်စပ်အနီး၌ တည်ရှိသောကြောင့် ကလေး-တမူးလမ်းကြောင်းပေါ်ရှိ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသော မြို့တစ်မြို့ဖြစ်သည်။ ခါမ်းပါတ်မြို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ယာယီစိုးမိုး၍ ဒေသခံတိုင်းရင်းသားပြည်သူများအား လူသားတံတိုင်းပြုလုပ်ကာ မြို့အား စစ်စခန်းအဖြစ် အခိုင်အမာခံစစ်ဆင်ခဲ့ရာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပိတ်ဆို့ခဲ့ရပြီး နှစ်နိုင်ငံကုန်စည်စီးဆင်းမှုမရှိတော့ဘဲ ဒေသခံပြည်သူများ၏ ပို့ကုန်/ သွင်းကုန်များ စီးဆင်းမှုလည်း ရပ်တန့်ခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နယ်စပ်ဒေသလုံခြုံရေး၊ ဒေသစီမံခန့်ခွဲရေးနှင့် ကုန်သွယ်မှု ပြန်လည်လည်ပတ်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေသဖြင့် အဘက်ဘက်မှ များစွာ နစ်နာဆုံးရှုံးခဲ့ရသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ခါမ်းပါတ်မြို့အပါအဝင် အဆိုပါဒေသရှိ မြို့/ရွာများအား ယာယီစိုးမိုးထားစဉ်အတွင်း အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း/ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းကြောင်းတစ်လျှောက်သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား



တပ်မတော်စစ်ကြောင်းများက ကလေး - တမူးလမ်းကြောင်းပေါ်ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေးအရ အရေးပါသည့် ခါမ်းပါတ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



ဆက်ကြေးများကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းများစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့်အပြင် ပြည်သူလူထု၏ နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအတွင်း သဲအိတ်များစီ၍ ဘန်ကာများပြုလုပ်ထားခြင်း၊ မြို့/ရွာများအတွင်း မိုင်းများထောင်ခြင်း၊ ခြံဝင်းများအတွင်း ခံစစ်ပစ်ကျင်းများ တူးဖော်၍ အခိုင်အမာခံစစ်ဆင်ကာ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများသည် ခါမ်းပါတ်မြို့အပါအဝင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့/ရွာများ၌ ဒေသခံပြည်သူများ အမြန်ဆုံးပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းတံတားများပြုပြင်ခြင်းနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကလေး-တမူး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## လှိုင်မြို့နယ်၌ ခိုးမှုကျူးလွန်ရန် နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးငယ်တစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူ တစ်ဦးအား ဖော်ထုတ်ဖမ်းဆီး



တရားခံ အောင်ကျော်စိုး(ခ) အင်ဂျင်ဝိုင်အား တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ခိုးမှုကျူးလွန်ရန် နေအိမ်အတွင်း ဝင်ရောက်၍ ၎င်းနေအိမ်အတွင်းရှိ အမျိုးသမီးငယ်တစ်ဦးအား အဓမ္မပြုကျင့်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူ အမျိုးသား တစ်ဦးအား ဇွန် ၁၉ ရက်ညနေပိုင်းတွင် ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် နေ ဒေါ်xxxxx(၄၇)နှစ်သည် ၎င်း၏ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း အိပ်ရာခုတင်ပေါ်၌ သမီးဖြစ်သူ မxxxxxxxxxx(၁၅)နှစ်အား ဓားဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ လှိုင်မြို့မရဲစခန်း (ပ) ၁၅၁/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၇၆ ဖြင့် အမှုဖွင့်လှစ်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် ဒုစရိုက်မှုများကို မလိုလားသည့် ပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် တရားခံအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အမျိုးသမီးငယ်အား အဓမ္မပြုကျင့်၍ သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တွံတေးမြို့နယ် သရက်နှစ်ပင်ကျေးရွာနေ အောင်ကျော်စိုး(ခ)အင်ဂျင်ဝိုင်(၃၈)နှစ်၊ (ဘ)ဦးသိန်းထွန်းအား ယင်းနေ့ညနေပိုင်းတွင် အဆိုပါကျေးရွာထိပ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ကျော်စိုး(ခ)အင်ဂျင်ဝိုင်အား စစ်ဆေးချက်အရ ၎င်းသည် ဇွန် ၁၉ ရက် နံနက် ၁ နာရီခန့်တွင် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းသို့ဝင်ရောက်ကာ iPhone 15 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်နှစ်သိန်းကို ခိုးယူခဲ့ကြောင်း၊ အဆိုပါနေအိမ်မှ နှစ်အိမ်ကျော်ရှိ နေအိမ်အတွင်းသို့ ခိုးမှုကျူးလွန်ရန် ထပ်မံဝင်ရောက်စဉ် နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်း အိပ်ပျော်နေသည့် အမျိုးသမီးငယ်တစ်ဦးအား တွေ့ရှိရသဖြင့် အဓမ္မပြုကျင့်၍ ၎င်းယူဆောင်လာသည့် ခဲတံချွန်ခေါက်ဓားဖြင့် လည်ပင်းယာဘက်အား လှီး၍သတ်ဖြတ်ခဲ့ကာ နေအိမ်မှ ပြန်လည်ထွက်ခွာလာခဲ့ကြောင်း၊ ယင်းနောက် ၎င်းခိုးယူလာခဲ့သည့် လက်ကိုင်ဖုန်းအား ငွေကျပ်နှစ်သိန်းဖြင့် ရောင်းချ၍ရရှိလာသော ငွေများအား အရက်သောက်စားသုံးစွဲခဲ့ပြီးနောက် ၎င်းနေထိုင်ရာ တွံတေးမြို့နယ် သရက်နှစ်ပင်ကျေးရွာသို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူ တရားခံ အောင်ကျော်စိုး(ခ) အင်ဂျင်ဝိုင်အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူသားတိုင်းအတွက် ကြိုတင်ကာကွယ် မူးယစ်ဆေးဝါးအန္တရာယ် အပိုင်း(၁)

**မူးယစ်ဆေးဝါးဆိုသည်မှာ သုံးစွဲမိသူအတွက် စိတ်ပိုင်းဆိုင်ရာစွဲလမ်းမှုများကို ဖြစ်စေတတ်ပြီး ရေရှည်အားဖြင့် စွဲလမ်းခြင်း၊ စိတ်အာရုံထွေပြားခြင်း၊ စိတ်ကျန်းမာရေး ထိခိုက်ပျက်ပြားစေခြင်း စသောဂုဏ်သတ္တိရှိသည့် အရည်သော်လည်းကောင်း၊ အမှုန့်သော်လည်းကောင်း၊ အစိုင်အခဲ (ဆေးပြား) သော်လည်းကောင်း ဆိုလိုသည်။ ကမ္ဘာ့နိုင်ငံတိုင်းတွင် မူးယစ်ဆေးဝါးများကို ဆေးပညာရပ်နှင့် ကျန်းမာရေးအခြေအနေများအရ အသုံးပြုရန်မှအပ ကျန်အခြေအနေများတွင် အသုံးပြုခြင်းအား ဥပဒေပြဋ္ဌာန်းကာ တားမြစ်ထားသည်။**

*ဒေါက်တာလပြည့်ခင်*

မူးယစ်ဆေးဝါး သုံးစွဲထားသူများသည် ဆေးအာနိသင်ပြချိန် (ဆေးတက်ချိန်)တွင် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေများသည် သာမန်မသုံးစွဲထားသူများထက် ပို၍ သာလွန်သည်ဟု မြင်တတ်ကြသည်။ သို့သော် ဆေးအရှိန်ပြယ်ချိန်တွင် စိတ်ပိုင်းဆိုင်ရာအားဖြင့် စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး ရုပ်ပိုင်းဆိုင်ရာအားဖြင့် အင်အားကုန်ခန်းခြင်း၊ အစာမစားနိုင်ခြင်းတို့ကို အချိန်ကြာမြင့်စွာ ခံစားရမည်ဖြစ်သည်။






> **"မူးယစ်ဆေးဝါးအမျိုးမျိုးကို စွဲလမ်းစွာ သုံးစွဲသူများသည် စိတ်ဓာတ်ကြံ့ခိုင်မှု ယိုယွင်းလာခြင်း၊ ကာယစွမ်းအားဆုတ်ယုတ်လာခြင်း၊ ဉာဏစွမ်းအား လျော့ပါးလာခြင်း၊ လုံ့လဝီရိယနှင့် ဇွဲသတ္တိများ ဆိတ်သုဉ်းကာ တွေဝေမိန်းမောစေခြင်းတို့ ဖြစ်လာပြီး နောက်ဆုံးတွင် အကျင့်စာရိတ္တ ယိုယွင်းလာကာ မကောင်းမှုဟူသမျှကို ကျူးလွန်ရန် ဝန်မလေးခြင်းတို့ ဖြစ်ပွားတတ်သည်။ မူးယစ်ဆေးစွဲသူသည် မူးယစ်ဆေးဝါးမှတစ်ပါး အခြားမည်သည့်အရာကိုမှ စိတ်ဝင်စားမှုမရှိတော့ဘဲ အသက်ရှင်နေသော်လည်း ဘဝသေသူအဖြစ် တန်ဖိုးမဲ့စွာရပ်တည်ရမည်သာဖြစ် "**

**မူးယစ်စေသောဆေးဝါးအမျိုးအစားများ**

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးဟု သတ်မှတ်ထားသောအရာများကို အဓိကအားဖြင့် Depressants၊ Stimulants၊ Opioids နှင့် Hallucinogens ဟူ၍ အုပ်စု လေးစုခွဲ၍ လေ့လာနိုင်ပါသည်။ အကျယ်ပြောရလျှင် အရက်၊ Valium နှင့် Xanax တို့ကဲ့သို့ ဦးနှောက်နှင့် အာရုံကြောစနစ်ကို နှေးကွေးစေသော ဆေးများ (Depressants)၊ Cocaine, Methamphetamine ၊ Nicotine နှင့် Caffeine တို့ကဲ့သို့ နှလုံးခုန်နှုန်း၊ သွေးဖိအားနှင့် နိုးကြားမှုကို မြှင့်တင်ပေးသည့် အာရုံကြောစနစ်ကို လှုံ့ဆော်ပေးသော ဆေးများ (Stimulants)၊ Heroin၊ Morphine နှင့် Codeine ကဲ့သို့ နာကျင်မှုကို သက်သာစေပြီး အိပ်ငိုက်မှု၊ ပျော်ရွှင်မှု ခံစားချက်ကိုဖြစ်စေသော ဘိန်းအခြေခံ နာကျင်မှုသက်သာဆေးများ (Opiates/ Opioids) နှင့် LSD နှင့် Psilocybin (Magic Mushrooms) ကဲ့သို့ မြင်ကွင်း၊ အသံ၊ အနံ့၊ အရသာ စသည်တို့ကို ပုံမှန်မဟုတ်ဘဲ ခံစားစေသည့် ထင်ယောင်ထင်မှား ဖြစ်စေသောဆေးများ (Hallucinogens ) ဖြစ်သည်။

အသုံးများပြီး အလွဲသုံးစားပြုလေ့ရှိသော မူးယစ်







ဆေးဝါးဟု သတ်မှတ်ထားသောအရာများမှာ စိတ်ကျစေတတ်သည့် အရက် (Alcohol)၊ စိတ်ကြွစေတတ်သော နီကိုတင်းနှင့် ကဖိန်း (Nicotine & Caffeine)၊ စိတ်ချောက်ချားစေသည့် ဟယ်လူစင်နိုဂျင် (Hallucinogens/ Psychedelics)၊ ဘိန်းပါသောဆေးများ (Prescription Drugs & Cold Medicines)၊ ကိုကင်းနှင့်အဖက်တမင်း (Cocaine &၊ စိတ်ကြွဆေး (Bath Salts)၊ စိတ်ငြိမ်ဆေး (Sedative/ Tranquilizer)၊ ဆေးခြောက် (Cannabis/ Marijuana) စသည်တို့ဖြစ်သည်။

**မူးယစ်ဆေးဝါးစွဲလမ်းမှုပြဿနာ**

မူးယစ်ဆေးဝါး၏ သဘောသဘာဝမှာ စိတ်ကို စွဲလမ်းစေခြင်းဖြစ်ပြီး တစ်ခါတစ်ရံသုံးစွဲရာမှ မကြာခဏသုံးစွဲပြီး ထိုမှတစ်ဆင့် မသုံးရမနေနိုင်ဖြစ်ကာ နေ့စဉ်ဆက်တိုက် သုံးစွဲလာတတ်သည်။ ဆေးသုံးစွဲမှုမှ တစ်ခဏတာရရှိသော စိတ်ပိုင်းဆိုင်ရာခံစားမှုအပေါ် စွဲလမ်းရာမှ မသုံးစွဲရလျှင် မနေနိုင်သည့် ဆေးစွဲသူအဖြစ်သို့ ရောက်ရှိရခြင်းဖြစ်သည်။ လူငယ်လူရွယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုများမှာ လူမှုဆက်ဆံရေးကတစ်ဆင့် အများဆုံးပေါ်ပေါက်လာခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကို ခေတ်မီသူတိုင်းပြုလုပ်ကြသည်ဟု လွဲမှားယူဆခြင်း၊ ရွယ်တူအပေါင်းအသင်းများအကြား ဝင်ဆံ့စေရန် အားကျမခံလိုက်ပါသုံးစွဲခြင်း၊ အသစ်အဆန်းတစ်ခုအနေဖြင့် လက်တည့်စမ်းသုံးစွဲခြင်း၊ အပေါင်းအသင်းများက မြှောက်ပင့်ဆွဲဆောင်ခြင်း၊ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးသုံးစွဲသူများ ရှိနေသည်ကို အတုမြင် အတတ်သင်သုံးစွဲခြင်းနှင့် ကိုယ်ရည်ကိုယ်သွေးညှိဖွင့်ခြင်းတို့သည် မူးယစ်ဆေးဝါး စတင်သုံးစွဲရခြင်း၏ ဇာစ်မြစ်ဖြစ်သည်။

**မူးယစ်ဆေးဝါးမှ ပေးသော ဝေဒနာများ**

အဆိုပါမူးယစ်ဆေးဝါးအမျိုးမျိုးကို စွဲလမ်းစွာ သုံးစွဲသူများသည် စိတ်ဓာတ်ကြံ့ခိုင်မှု ယိုယွင်းလာခြင်း၊ ကာယစွမ်းအားဆုတ်ယုတ်လာခြင်း၊ ဉာဏစွမ်းအားလျော့ပါးလာခြင်း၊ လုံ့လဝီရိယနှင့် ဇွဲသတ္တိများ ဆိတ်သုဉ်းကာ တွေဝေမိန်းမောစေခြင်းတို့ဖြစ်လာပြီး နောက်ဆုံးတွင် အကျင့်စာရိတ္တ ယိုယွင်းလာကာ မကောင်းမှုဟူသမျှကို ကျူးလွန်ရန် ဝန်မလေးခြင်းတို့ ဖြစ်ပွားတတ်သည်။ မူးယစ်ဆေးစွဲသူသည် မူးယစ်ဆေးဝါးမှတစ်ပါး အခြားမည်သည့်အရာကိုမှ စိတ်ဝင်စားမှုမရှိတော့ဘဲ အသက်ရှင်နေသော်လည်း ဘဝသေသူအဖြစ် တန်ဖိုးမဲ့စွာ ရပ်တည်ရမည်သာဖြစ်သည်။

**ကောင်းမွန်သော မိသားစုဆက်ဆံရေး**

လူငယ်လူရွယ်များ၏ လက်ဦးဆရာများဖြစ်သော မိဘများသည် လူငယ်များ အရက်၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲခြင်း၊ ကော်ရှူခြင်းနှင့် အခြားမူးယစ်ဆေးဝါးသုံးစွဲခြင်းတို့မှ ရှောင်ရှားနိုင်ရန် အကူအညီပေးနိုင်သည်။ အဓိကအားဖြင့် မိဘနှင့် သားသမီး ဆက်ဆံရေးမှာ များစွာအရေးပါပြီး ကောင်းမွန်သော ဆက်ဆံရေး ထူထောင်နိုင်ခြင်းသည် လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေး နည်းလမ်းကောင်းဖြစ်သည်။ မိဘနှင့်သားသမီးကြား ချစ်ခင်နွေးထွေးမှုရှိခြင်းနှင့် အပြန်အလှန် ယုံကြည်မှုရှိခြင်းသည် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားမှု၊ မိမိကိုယ်မိမိ တန်ဖိုးထားတတ်မှု၊ မိမိကိုယ်မိမိ အားကိုးမှုတို့ကို ဖြစ်ထွန်းစေပြီး ဘဝတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကျော်လွှားစေနိုင်သည့်အပြင် ကောင်းမွန်သော အမူအကျင့်များ ဖြစ်ထွန်းလာစေသည်။

**မူးယစ်ဆေးဝါးဖြတ်တောက်ရေး**

နိုင်ငံတော်အစိုးရမှ မူးယစ်ဆေးစွဲနေသူများ ဆေးကုသမှုခံယူနိုင်စေရေးနှင့် နောက်ဆက်တွဲ အန္တရာယ်များ လျှော့ချရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး ၂၉ ခု၊ ဌာနငယ် ၅၆ ခု၊ မက်သာဒုံးဆေးခန်း ၃၆ ခုနှင့် ဗျူပရီနော်ဖင်း ဆေးခန်း ငါးခုတို့ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ကုသရေးအစီအစဉ်များကို လူထုအတွင်း ရောက်ရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လာကြပြီး ဆေးရုံ၊ ဆေးခန်းအခြေပြု ဆေးကုသရေးလုပ်ငန်းများအပြင် လူထုအခြေပြုဆေးကုသရေးလုပ်ငန်းများပါ တိုးချဲ့ဆောင်ရွက်လာကြသည်ကို တွေ့ရှိရသည်။

**ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာ**

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ပြဿနာဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်ပေါင်းကြာရှည် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်။ နိုင်ငံတိုင်းရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာ အကြီးမားဆုံးပြဿနာတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံအားလုံးမှ နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံက တိုက်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း မူးယစ်ဆေးဝါးအန္တရာယ်သည် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်း၏ ကျန်းမာရေး၊ လူမှုရေး၊ ဒေသတွင်းစီးပွားရေးအပေါ် ကြီးမားစွာဆိုးကျိုးသက်ရောက်စေပြီး အစိုးရ၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း ကြီးမားစွာထိခိုက်စေသည့် အဟန့်အတားကြီးတစ်ခုဖြစ်နေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရေရှည်လက်တွဲပူးပေါင်းဖြေရှင်းသွားရမည့် လုပ်ငန်းတာဝန်ကြီးတစ်ရပ်လည်း ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံးတို့ကို ခြိမ်းခြောက်နေသော အန္တရာယ်အမျိုးမျိုးရှိသည့်အနက် မူးယစ်ဆေးဝါးအန္တရာယ်သည် အဆိုးရွားဆုံးနှင့် အပြင်းထန်ဆုံးဖြစ်ပြီး လူသားတစ်ရပ်လုံးကို လူညွန့်တုံးစေသည်အထိ အဖျက်စွမ်းအားကြီးမားလှသောကြောင့် ကမ္ဘာ့နိုင်ငံအားလုံးက မူးယစ်ဆေးဝါးအန္တရာယ်ကို ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ဆန့်ကျင်တိုက်ဖျက်လျက်ရှိကြသည်။ မူးယစ်ဆေးဝါးအမျိုးမျိုးသည် ဘိန်းကိုအခြေခံ၍ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဘိန်းစိုက်ပျိုးမှုမှ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများမှ တစ်ဆင့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ ဒုစရိုက်မှုအမျိုးမျိုးမှသည် အကြမ်းဖက်တိုက်ခိုက်မှု စသည့်ဆိုးကျိုးများအထိ ဖြစ်နေသည်။

ထို့ပြင် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိကြောင်း မြန်မာနိုင်ငံ၏ဖြစ်ရပ်များနှင့် နိုင်ငံတကာ၏အခြေအနေများက သက်သေပြလျက်ရှိသည်။ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအချို့တွင် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုများရှိခဲ့ခြင်းသည် လက်နက်ကိုင်သောင်းကျန်းသူများ သက်ဆိုးရှည်ခြင်းနှင့် အင်အားကြီးမားလာခြင်း၏ အကြောင်းတစ်ခုဖြစ်ခဲ့သည့် အထောက်အထားများရှိသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး**

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် အဓိကတာဝန်ယူဆောင်ရွက်နေရသည့် Focal Ministry နှင့် Focal Organization ဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အပါအဝင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး စသည့် ရည်မှန်းချက် တာဝန်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီး ပြစ်မှုများကို စုံစမ်းဖော်ထုတ် တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဟူသည့် လုပ်ငန်းတာဝန်(၆)ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၁ သို့*

## တောင်ငူခရိုင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုလူငယ်အသင်း တည်ထောင်ခြင်း (၁၁) နှစ်ပြည့် အခမ်းအနားကျင်းပ



**တောင်ငူ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ပသိပ်ဟိုတယ်ခန်းမ၌ တောင်ငူခရိုင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုလူငယ်အသင်း တည်ထောင်ခြင်း(၁၁)နှစ်ပြည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ တောင်ငူမြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ လုံးစိုင်းအုန်းမောင်က အမှာစကားပြောကြားပြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုလူငယ်အသင်း (တောင်ငူခရိုင်) ဥက္ကဋ္ဌစိုင်းအောင်အောင်ကတောင်ငူခရိုင်ရှမ်းစာပေနှင့် ယဉ်ကျေးမှုလူငယ်အသင်း တည်ထောင်ရခြင်း ရည်ရွယ်ချက်နှင့် ရှမ်းလူမျိုး၊ ရှမ်းစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပညာရေး၊ လူမှုရေးနှင့် လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

**ဇော်ကိုကို (တောင်ငူ)**



ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညဏ်မြင့်ထွန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ဇွန် ၁၆ ရက်က ကျောက်မဲမြို့ အထက ၄ ၌ ကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသစဉ်။ ခရိုင်(ပြန်/ဆက်)

## ငဖဲမြို့နယ် ပဒါန်းကျေးရွာ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး



**ငဖဲ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်မှုကို ယမန်နေ့နံနက်ပိုင်းက ပဒါန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ဦးစီးမှူး ဦးသန်းဌေးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ငဖဲမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆၈ ဦး အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လားရှိုးမြို့ အထက ၆ ၌ လူငယ်စကားဝိုင်းနှင့် အသိပညာဖြန့်ဝေ

**လားရှိုး ဇွန် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ စာဖတ်ရိုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကိုယမန်နေ့က အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (လားရှိုး)မှဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်နှင့် ခရိုင်ဦးစီးမှူးတို့က အမှာစကားပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား၊ အားကစား၊ နည်းပညာ၊ မူးယစ်ဆေးဝါးအန္တရာယ်စသည့် အကြောင်းအရာများကို ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးကြပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပေးပြီးနောက် ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေး



**ရန်ကုန် ဇွန် ၂၀**

ပြည်တွင်းအခွန်များ ဦးစီးဌာန၊ သာကေတမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန် ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်က အမှာစကားပြောကြားပြီး အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူများက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၀ ရက် နံနက်ပိုင်းက နားဝဆည်သွားလမ်းနှင့် နားခုတ်ရွာသွားလမ်း လမ်းဆုံ၌ပြုလုပ်ရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဘုန်းနေထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက မဲဇလီ၊ ကျွန်း၊ ယမနေ စသည့် စုစုပေါင်းပျိုးပင် ၁၀၀၀ စိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် စည်းကမ်းကောင်းမွန်ခြင်း၊ စိတ်ဓာတ်ကောင်းမွန်ခြင်း၊ စွမ်းရည်လေးရပ်ထက်မြက်ခြင်း၊ ပြည်သူလူထု၏ ယုံကြည်လေးစားအားကိုးမှုကို ခံရခြင်း၊ တပ်ဖွဲ့ဝင်များမှ စံနမူနာယူထိုက်သည့် တပ်ဖွဲ့ဝင်ဖြစ်ခြင်းများနှင့် ပြည့်စုံသောပြည်သူများမှ မွေးဖွားလာသော ပြည်သူတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာများဖြစ်သည့်အတွက် ပြည်သူလူထု၏ ကောင်းကျိုးကိုသာ အစဉ်ရှေးရှုသယ်ပိုးနေမည်ဖြစ်သည်။

အထူးသဖြင့် ပြည်တွင်းမှ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်တွင်းမှပြည်ပသို့ဖြစ်စေ မူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်နေခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးရမိမှုများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သိသာထင်ရှားသည့်တာဝန်အပေါ် စေတနာထားမှုဖြစ်ရပ်များ ဖြစ်သည်။ ပြည်သူများ၏ပူးပေါင်းပါဝင်၍ သတင်းပေးပို့မှုများကြောင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်းသည် ပြည်သူများ၏ သားသမီးဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လူသားတို့၏ အသက်ပေါင်းများစွာကို ကယ်တင်လိုက်ခြင်းပင်ဖြစ်သည်။

ထိုသို့လူသားတို့၏ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ရန်အတွက် တပ်မတော်၏ ပံ့ပိုးကူညီမှုများနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်းများက ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ဖြေရှင်းရခက်သည့် မူးယစ်ဆေးဝါးကုန်သွယ်မှု**

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းစဉ်တစ်ခုလုံးသည် နိုင်ငံများ တစ်ခုပြီးတစ်ခုကို ဖြတ်ကျော်ဆောင်ရွက်နေကြခြင်းဖြစ်ပြီး နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများအပြင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကျင့်ပျက်ဝန်ထမ်းများ ပါဝင်နေလေ့ရှိသည့်အတွက် ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရန် ခက်ခဲသည်။ မျက်မှောက်ကာလ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွင် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်သည့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများနှင့် စိတ်ကြွရူးသွပ်ဆေးဝါးများ ပိုမို၍ များပြားလာသည်။

အဆိုပါဓာတုပစ္စည်းများမှာ မူးယစ်ဆေးဝါးထုတ်လုပ်မှု တစ်ခုတည်းတွင်သာ အသုံးပြုခြင်းမဟုတ်ဘဲ အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင်ပါ အသုံးပြုနေရသည့် နှစ်မျိုးသုံးဓာတုပစ္စည်းများ (Dual-use Chemicals) ဖြစ်သောကြောင့် လုံးဝပိတ်ပင် တားဆီးရန်ခက်ခဲသည့်အပြင် မူးယစ်ဆေးပြားများ ထုတ်လုပ်သည့် စက်များမှာလည်း အဆောက်အအုံနေရာ အခြေတကျမလိုအပ်ဘဲ မော်တော်ယာဉ်ပေါ်တွင်တင်ကာ ထုတ်လုပ်နိုင်သည့် အခြေအနေမျိုးဖြစ်သဖြင့် ထိန်းသိမ်းရခက်နေပါသည်။ ထို့ပြင် အဆိုပါဓာတုပစ္စည်းများမှာ အိမ်နီးချင်းနိုင်ငံကြီးများမှ ထုတ်လုပ်နေခြင်းဖြစ်ရာ နိုင်ငံအတွင်းရှိ တရားဥပဒေစိုးမိုးမှု အလှမ်းဝေးသည့် ဒေသများတွင် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများက လက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် အပေးအယူပြုလုပ်ကာ မူးယစ်ဆေးဝါး ထုတ်လုပ်နေကြခြင်းဖြစ်ကြောင်း သတင်းများတွင် တွေ့ရှိခဲ့ရသည်။ မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသအချို့တွင် ထုတ်လုပ်ပြီး ပြည်တွင်းသို့လမ်းကြောင်းအမျိုးမျိုးဖြင့် ဖြတ်သန်းကာ ပင်လယ်ပြင်သို့လည်းကောင်း၊ ကုန်းလမ်းဖြင့်အိမ်နီးချင်းနိုင်ငံအချို့သို့လည်းကောင်း သယ်ဆောင်ရောင်းဝယ်နေကြခြင်း ဖြစ်သည်။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစု၏ အဓိက ဝင်ငွေရလမ်းကြောင်း**

မြန်မာနိုင်ငံသည် ကမ္ဘာ့ဘိန်းစိုက်ပျိုးထုတ်လုပ်သည့် အဓိကနိုင်ငံများတွင် တစ်နိုင်ငံအဖြစ် ပါဝင်လျက်ရှိပြီး ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်သည့် မူးယစ်ဆေးဝါး (Synthetic Drugs) များ ထုတ်လုပ်သည့်နိုင်ငံစာရင်းတွင် ပါဝင်နေသည်ကို စိတ်မကောင်းဖွယ် ကြားသိနေရပါသည်။ အမှန်တကယ် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများမှာ ပြည်မဒေသများတွင် မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်လှုပ်ရှားလျက်ရှိသည့် နယ်မြေများ/နယ်စပ်ဒေသများတွင်သာ တည်ရှိနေပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှုနှင့်ရောင်းဝယ်မှုများတွင် အဆိုပါအဖွဲ့အစည်းများ တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်လျက်ရှိသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းများသည် အကျိုးအမြတ်လွန်စွာများပြားသည့်အလျောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများစု၏ အဓိကဝင်ငွေရရှိရာလမ်းကြောင်းဖြစ်ပြီး ၎င်းတို့ ရေရှည်ရပ်တည်နိုင်ရေးအတွက် အားကိုးအားထားပြုနေရသည့်လုပ်ငန်းတစ်ခုဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများ၏နောက်တွင် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ပါ တစ်ဆက်တစ်စပ်တည်းပါဝင်နေပြီး နိုင်ငံနှင့်ပြည်သူလူထု၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ ထိခိုက်စေလျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့် လက်တွဲပူးပေါင်းကာ အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး အရှိန်အဟုန်မြှင့်တိုက်ဖျက်နှိမ်နင်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပန်းတောင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေး



**ပန်းတောင်း ဇွန် ၂၀**
ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင်နှင့်ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ဇွန် ၁၈ ရက်က အခြေခံပညာအထက်တန်းကျောင်း (ပန်းတောင်း) ၌ ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူ ၁၃၉ ဦး အား ပေးအပ်ခဲ့သည်။

လပြည့်လင်း (ပြန်/ဆက်)



## မိုးစပါးစိုက်ပျိုးသည့် သမအသင်းသား တောင်သူများသို့ မျိုးနှင့်သွင်းအားစု ပေးအပ်

**ဒိုက်ဦး ဇွန် ၂၀**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ ဆောင်ရွက်သော စီမံကိန်းသီးနှံ မိုးစပါးစိုက်ပျိုးသည့် အသင်းသားတောင်သူများသို့ မျိုးသွင်းအားစုမြေဩဇာပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဦးအောင်မျိုးလွင်က အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အသင်းသားတောင်သူများအား မျိုးနှင့်သွင်းအားစုများ ပေးအပ်ခဲ့ပြီး အသင်း ၁၀ သင်း၊ အသင်းသား ၂၁၅ ဦးက မိုးစပါးစိုက်ဧက ၂၅၀၀ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးထက်ကျော်(ပြန်/ဆက်)

## ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းပညာပေး



**နေပြည်တော် ဇွန် ၂၀**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းပညာပေးသင်တန်းကို ဇွန် ၁၈ ရက်က စည်ပင်သာယာကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ (KC)၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးပြေသိန်းက ပြောကြားပြီး မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်သည့် နည်းစနစ်များကို ရှင်းလင်းသင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၁၂ ဦးနှင့် စည်ပင်သာယာကျေးရွာမှ တောင်သူ ၅၀ တက်ရောက်ပြီး တက်ရောက်လာသည့် တောင်သူများအား ငွေနှင်းမှိုမျိုးထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

## တောင်ငူမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဇွန် ၂၀**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထက (၆) ခတ္တာခန်းမ၌ ဇွန် ၁၈ ရက် နံနက်ပိုင်းက လူငယ်စကားဝိုင်းကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးနှင့် အထက်တန်းပြဆရာမတစ်ဦးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်အားကစားစသည့်ခေါင်းစဉ်တို့ဖြင့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြသည်။

ဇော်ကိုကို(တောင်ငူ)



## လပွတ္တာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**လပွတ္တာ ဇွန် ၂၀**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက်က လပွတ္တာခရိုင် (၃)မိုင်မြို့ မြရာကုန်းဂေါက်ကွင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက ပျိုးပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကော့သောင်းမြို့၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး

**ကော့သောင်း ဇွန် ၂၀**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ အပြည်ပြည်ဆိုင်ရာ



မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က အထက(ဆယ်မိုင်)ကျောင်းနှင့် မွန်းလွဲပိုင်းတွင် အလက (ခွဲ) တာညုံပါဒကျောင်းတို့၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်ပေါ်လာပုံနှင့် မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲမှု ဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာလက္ခဏာများနှင့်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ခရိုင် (ပြန်/ဆက်)

## လယ်ဝေးမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများ၌ လူငယ်စကားဝိုင်းများ ကျင်းပ

**လယ်ဝေး ဇွန် ၂၀**
ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၈ ရက်က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဦးဆောင်ဆွေးနွေးပြီး ကျောင်းသူလေးဦးက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

အလားတူ ရှားချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူးနှင့် ကျောင်းသား ကျောင်းသူ ငါးဦးတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)



## ဆင်ပေါင်ဝဲမြို့နယ်၌ လူထုကျန်းမာရေး လုပ်သား(မွမ်းမံ) သင်တန်းဖွင့်

**ဆင်ပေါင်ဝဲ ဇွန် ၂၀**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ လူထုကျန်းမာရေးလုပ်သား (မွမ်းမံ) သင်တန်းကို ဇွန် ၁၈ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဆရာဝန် ဒေါက်တာမွန်စိုးရီ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကျန်းမာရေးသဘောတရားများ၊ ဖွားသေစာရင်းမှတ်ပုံတင်ခြင်းနှင့် ကျန်းမာရေးစာရင်းအင်းများ ကောက်ယူခြင်း၊ ကျန်းမာရေးပညာပေးခြင်း စသည့် သင်ခန်းစာများကို နှစ်ပတ်ကြာ သင်ကြားပို့ချမည်



ဖြစ်သည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာများရှိ ကျန်းမာရေး စေတနာ့ဝန်ထမ်း ၂၂ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ဓနုဖြူမြို့နယ်၌ သွင်းအားစုပေးအပ်ပွဲကျင်းပ



**ဓနုဖြူ ဇွန် ၂၀**
ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ သမဝါယမဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများသို့ သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့နံနက်က ဝါးတန်းကျေးရွာ မင်္ဂလာသုခ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ အသင်းသားတောင်သူ ၅၀ အတွက် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ပွင့်ဖြူမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော



ပွင့်ဖြူ ဇွန် ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်က မြန်မာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ မြို့နယ်ဥပဒေအရာရှိက အမျိုးသမီးများဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကာအကွယ်ပေးသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လိုက်နာရမည့် အချက်များနှင့် ပွင့်ဖြူမြို့မရဲစခန်းမှူးက ပြစ်မှု၊ ပြစ်ဒဏ်များနှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေများအကြောင်းကို အသိပညာပေးဆွေးနွေးဟောပြောသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မုံရွာမြို့၌ အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းဖွင့်



မုံရွာ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းဖွင့်ပွဲကို ဇွန် ၁၇ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေး ပညာဦးစီးဌာန၊ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ နည်းပြဆရာလေးဦးက မုံရွာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၂ ဦးအားသုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ **ခရိုင်(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး



သရက်ချောင်း ဇွန် ၂၀

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သစ်တောဦးစီးဌာနက ဇွန် ၁၇ ရက်က နယ်မြေခံတပ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ တပ်နယ်မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ ဒေါင်လိုက်မြေဖွစက်ဖြင့် မြေပြုပြင်ထွန်ယက်



ရေတာရှည် ဇွန် ၂၀

ရေတာရှည်မြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၈) စက်မှုလယ်ယာစခန်းမှ ဒေါင်လိုက်မြေဖွစက်ဖြင့် မြေပြုပြင်ထွန်ယက်ခြင်း သရုပ်ပြပွဲကို ဇွန် ၁၆ ရက်က မြောက်နန်ချွန်ကျေးရွာ၌ ကျင်းပရာ သရုပ်ပြပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ ဒေသခံတောင်သူ ၅၄ ဦးခန့် တက်ရောက်လေ့လာ အားပေးသည်။

ထို့နောက် ခရိုင်ဦးစီးဌာနမှူးက ဒေါင်လိုက်မြေခွဲစက် အသုံးပြု၍ မြေပြုပြင် ထွန်ယက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများနှင့် စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို တောင်သူများအားအသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေး



မိုင်းဆတ် ဇွန် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းဆတ်မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၇ ရက်က အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်)၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် UID နံပါတ်ကတ်များ ဆောင်ရွက်ပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးစိုးရွှေနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၈၀ အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၇ ရက်က (၅၃) ရပ်ကွက် ဦးဘိုးလှဘုရားဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးယုက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ၊ ကျန်းမာရေးဆိုင်ရာ အခြေခံဗဟုသုတများကို ဆွေးနွေးခဲ့ကြသည်။ **နေမျိုးအောင်(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ စာရေးဆရာအသင်း အမှုဆောင်ရွေးချယ်

ပေါင် ဇွန် ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ်၌ စာရေးဆရာအသင်း အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၁၆ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဝေ(မောင်စိမ်းညို)ပေါင်က အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အမှုဆောင်သစ်ငါးဦးကို ရွေးချယ်ခဲ့ကြသည်။ **မွန်မလေး(ပြန်/ဆက်)**



## ဟသ္သာတမြို့နယ်၌ အဆင့်မြင့်အပ်ချုပ်စက် သင်တန်းဆင်းပွဲ ကျင်းပ

ဟသ္သာတ ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက်က ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်း ကို ၄၅ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၂၀ တက်ရောက်ခဲ့သည်။ **ဇင်မာ**



နေပြည်တော် ... 

ခနေဖြူမြို့နယ်တွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ် (၃/၂၀၂၆) ဖွင့်ပွဲကို ဇွန် ၁၅ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားစဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ထန်းတပင်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်အောင်ဝင်းစိန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို စစ်တောင်းမြစ်အတွင်း၌ ဇွန် ၁၆ ရက်က ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ကာတာက လက်ဆောင်ပေးသည့် Air Force One လေယာဉ်အသစ် အမေရိကန် ထုတ်ဖော်ပြသ

ဝါရှင်တန် ဇွန် ၂၀

အမေရိကန်ပြည်ထောင်စုသည် Air Force One လေယာဉ်အသစ်ကို ဝါရှင်တန်မြို့အနီး စစ်ဘက်အခြေစိုက်စခန်းတစ်ခုတွင် ဇွန် ၁၉ ရက်က ထုတ်ဖော်ပြသခဲ့သည်။

ဘိုရင်း 747 လေယာဉ်ကို ကာတာနိုင်ငံက လက်ဆောင်အဖြစ် ပေးအပ်ခဲ့ပြီးနောက် အမေရိကန်သမ္မတစီးမည့်လေယာဉ်အဖြစ် ပြင်ဆင်မွမ်းမံမှုများပြုလုပ်ကာ လေယာဉ်ကိုယ်ထည်၏ အပေါ်ဘက်ကို အဖြူရောင်၊ ကိုယ်ထည်အောက်ဘက်ကို အပြာရင့်ရောင် ခြယ်သထားပြီး ထိုအရောင်နှစ်ခုကြားကို အနီရောင်နှင့် ရွှေရောင်လိုင်းများဖြင့် ပိုင်းခြားထားသည်။



ထိုကဲ့သို့ ဒီဇိုင်းပြောင်းလဲမှုမှာ အမေရိကန်သမ္မတ စီးနင်းမည့် လေယာဉ်တွင် ကာလရှည်အသုံးပြုလာခဲ့သည့် အဖြူရောင်နှင့် မိုးပြာရောင်ပေါင်းစပ်မှုမှ ခွဲထွက်လိုက်ခြင်း ဖြစ်သည်။ အဆိုပါ လေယာဉ်ကို လာမည့် ဇူလိုင် ၄ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့တွင် ဝါရှင်တန်မြို့ ကောင်းကင်ယံ၌ ပျံသန်းပြသသွားမည်ဟု သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဗြိတိန်တွင် ရထားနှစ်စင်း တိုက်မှုဖြစ်ပွားပြီး ၉၀ နီးပါး ထိခိုက်ဒဏ်ရာရ

လန်ဒန် ဇွန် ၂၀

ဗြိတိန်နိုင်ငံ အရှေ့တောင်ဘက်တွင် ရထားနှစ်စင်းတိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး လူပေါင်း ၉၀ နီးပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အရေးပေါ်ဆိုင်ရာအာဏာပိုင်များ အဖွဲ့က ပြောကြားသည်။




ယင်း ရထားနှစ်စင်းမှာ လန်ဒန်မြို့၏ မြောက်ဘက် ၇၀ ကီလိုမီတာခန့်အကွာ ဘက်ဒ်ဖို့ဒ် ဒေသ၌ ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရေးပေါ် ကယ်ဆယ်ရေး အဖွဲ့များသည် ရထားနှစ်စင်း တိုက်မှုဖြစ်ပွားသည့် နေရာတွင် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရဲတပ်ဖွဲ့သည် ရထားတိုက်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် အသေးစိတ်စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ငှက်တုပ်ကွေးဖြစ်ပွားသည့် နီပေါနိုင်ငံရှိ ဇူဟိုတိရစ္ဆာန်ရုံ ယာယီပိတ်ထား

ခတ္တမန္ဒူ ဇွန် ၂၀

နီပေါနိုင်ငံ ခတ္တမန္ဒူတောင်ကြားရှိဇူဟိုတိရစ္ဆာန်ဥယျာဉ်၌ ငှက်နှင့်တိရစ္ဆာန်အချို့တွင် ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု တွေ့ရှိပြီးနောက် ဇွန် ၁၉ ရက်မှစတင်ကာ ဥယျာဉ်ကို ယာယီပိတ်ထားလိုက်ကြောင်း သိရသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ်သည် တောရိုင်းတိရစ္ဆာန်များစွာ၏ အိမ်ဖြစ်ပြီး ပိတ်ရက်အလည်အပတ်ထွက်ကြသူများနှင့် ခရီးသွားများအတွက် အဓိက ဆွဲဆောင်မှုရှိသည့်နေရာလည်းဖြစ်သည်။ လူမှလူသို့ ငှက်တုပ်ကွေး ကူးစက်မှုဖြစ်စဉ်မှာ ရှားပါးသော်လည်း ရောဂါကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့်ထိတွေ့မှုရှိသည့် လူများတွင် ဗိုင်းရပ်စ်ကူးစက်နိုင်ခြေမြင့်မားသည်။ **ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### အာဖဂန်နစ္စတန်၌ အဓိကရေပေးဝေရေးကွန်ရက် ပြီးစီး

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂဟာပြည်နယ် ခုဇ်ခူနာခရိုင်တွင် ရေပေးဝေရေးကွန်ရက် တည်ဆောက်ပြီးစီးပြီး ဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့ကြောင်း အရာရှိတစ်ဦးက ဘာ့ခ်ထာ သတင်းဌာနကို ဇွန် ၂၀ ရက်က ပြောသည်။ အဆိုပါ အသစ်တည်ဆောက်ပြီးစီးသည့် ရေပေးဝေရေးကွန်ရက်သည် မိသားစုပေါင်း ၃၀၀ ကို သောက်ရေသန့်များ ပေးဝေနိုင်မည်ဖြစ်သည်ဟု ဖော်ပြထားသည်။ **ဆင်ဟွာ**

### အာဖရိက၏ တတိယဆင်အများဆုံးနိုင်ငံ တန်ဇန်းနီးယားဖြစ်လာ

တန်ဇန်းနီးယားနိုင်ငံအတွင်း ဆင်အရေအတွက်မှာ ၂၀၁၄ ခုနှစ်က ၄၆၄၀၈ ကောင်ရှိရာမှ ၆၆၇၁၄ ကောင်တိုးလာကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။ ဘော့ဆွာနာနိုင်ငံတွင် ဆင်ကောင်ရေ ၁၃၀၀၀၀ ခန့်နှင့် ဇင်ဘာဘွေနိုင်ငံတွင် ဆင်ကောင်ရေ တစ်သိန်းခန့်ရှိပြီးနောက် တန်ဇန်းနီးယားနိုင်ငံသည် လက်ရှိတွင် အာဖရိကအတွင်း တတိယမြောက် ဆင်အများဆုံးပိုင်ဆိုင်ထားသည်ဟု သဘာဝသယံဇာတနှင့် ခရီးသွားလာရေးဝန်ကြီး အာရှာတူ ကီဂျာဂျီက ပြောကြားသည်။ တန်ဇန်းနီးယားနိုင်ငံ၌ ၂၀၀၅ ခုနှစ် မတိုင်မီက ဆင် ၁၃၄၀၀၀ ခန့်ရှိရာမှ တရားမဝင် တောရိုင်းတိရစ္ဆာန် ဖမ်းဆီးခြင်းကြောင့် ၂၀၁၄ ခုနှစ်အတွင်း ဆင် ၄၆၄၀၈ ကောင်အထိ သိသိသာသာလျော့နည်းသွားခဲ့ရဖူးကြောင်း တန်ဇန်းနီးယား တောရိုင်းတိရစ္ဆာန် သုတေသနဌာန(TAWIRI) မှ သုတေသနညွှန်ကြားရေးမှူး ဂျူးလိယက် ကီးရက ပြောကြားသည်။ **ဆင်ဟွာ**

### မူးယစ်ဆေး ၄ ဒသမ ၃ တန် တူကီယဲ သိမ်းဆည်း

တူကီယဲအကောက်ခွန်အာဏာပိုင်များသည် ဂရိနိုင်ငံမှ တူကီယဲနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော ထရပ်ကားအတွင်း ဝှက်ထားသည့် မူးယစ်ဆေးဝါးပရီဂါဘာလင် ၄ ဒသမ ၃ တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ဇွန် ၁၈ ရက်တွင် ကြေညာသည်။ အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၏ ခန့်မှန်းခြေတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၆၅ သန်းခန့်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



ဘယ်လ်ဂျီယံ၊ ဥရုဂွေး၊ အာဂျင်တီးနားပါဝင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ် (၂) ကို ဇွန် ၂၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ လက်ရှိချန်ပီယံ အာဂျင်တီးနားက ဩစတြီးယား၊ နာမည်ကြီး ဘယ်လ်ဂျီယံက အီရန်၊ အသင်းကြီး ဥရုဂွေးက ကစားရခက်တဲ့ ကိတ်ဗာဒီတို့ တွေ့ဆုံနေတာကြောင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ခံစစ်မာကျောတဲ့ ဩစတြီးယားနဲ့ တိုက်စစ်အားသာတဲ့ အာဂျင်တီးနားတို့ရဲ့ အားပြိုင်မှု ဘယ်လိုဖြစ်လာမလဲ

■ မိုးဇက်

## ဘယ်လ်ဂျီယံ VS အီရန်

အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံးသရေကျထားတာကြောင့် ဒီပွဲစဉ်က နှစ်သင်းစလုံးအတွက် နိုင်ပွဲရဖို့ အလွန်အရေးပါတဲ့ပွဲစဉ်အဖြစ် ရှိနေတယ်။ ဘယ်လ်ဂျီယံက ပြီးခဲ့တဲ့ပွဲစဉ်မှာ ပရိသတ်တွေ မျှော်လင့်ထားတဲ့ ခြေစွမ်းမျိုး ပြသနိုင်ခြင်း မရှိဘူး။ အီရန်က ခြေစွမ်းထက်မြက်မှုရှိတဲ့အပြင် အသင်းတိုင်းကို ခြေရည်တူကစားနိုင်စွမ်းလည်း ရှိတယ်။ ဘယ်လ်ဂျီယံ နိုင်ပွဲရယူသွားဖွယ်ရှိတယ်။

| အုပ်စု (ဆ) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ နယူးဇီလန် | ၁ | ၀ | ၁ | ၀ | ၁ |
| ၂။ အီရန် | ၁ | ၀ | ၁ | ၀ | ၁ |
| ၃။ ဘယ်လ်ဂျီယံ | ၁ | ၀ | ၁ | ၀ | ၁ |
| ၄။ အီဂျစ် | ၁ | ၀ | ၁ | ၀ | ၁ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ် | | |
|---|---|---|
| ဘယ်လ်ဂျီယံ | ၁-၁ | အီဂျစ် |
| အီရန် | ၂-၂ | နယူးဇီလန် |

■ **အချိန်** – နံနက် ၁ နာရီခွဲ၊ **အုပ်စု** – အုပ်စု (ဆ)၊ ပွဲစဉ် (၂)၊ **ကွင်း** – Los Angeles Stadium

## ဥရုဂွေး VS ကိတ်ဗာဒီ

ဥရုဂွေးက ပြီးခဲ့တဲ့ပွဲစဉ်မှာ ဂိုးရနိုင်တဲ့ အခွင့်အရေးအများအပြားရရှိခဲ့ပေမယ့် သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်း မရှိဘူး။ ကိတ်ဗာဒီက ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရပေမယ့် အသင်းကြီး စပိန်ကို သရေကျအောင် ကစားနိုင်စွမ်းရှိတယ်။ ကိတ်ဗာဒီရဲ့ ရှန်းအားကြောင့် အခက်တွေ့နိုင်ပေမယ့် အနိုင်ရလဒ်ကို ဥရုဂွေးအသင်း ဖော်ဆောင်သွားဖွယ်ရှိတယ်။

| အုပ်စု (ဇ) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ ဥရုဂွေး | ၁ | ၀ | ၁ | ၀ | ၁ |
| ၂။ ဆော်ဒီ | ၁ | ၀ | ၁ | ၀ | ၁ |
| ၃။ စပိန် | ၁ | ၀ | ၁ | ၀ | ၁ |
| ၄။ ကိတ်ဗာဒီ | ၁ | ၀ | ၁ | ၀ | ၁ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ် | | |
|---|---|---|
| ဆော်ဒီအာရေဗျ | ၁-၁ | ဥရုဂွေး |
| စပိန် | ၀-၀ | ကိတ်ဗာဒီ |

■ **အချိန်** – နံနက် ၄ နာရီခွဲ၊ **အုပ်စု** – အုပ်စု (ဇ)၊ ပွဲစဉ် (၂)၊ **ကွင်း** – Miami Stadium

## နယူးဇီလန် VS အီဂျစ်

နယူးဇီလန်က တည်တည်ငြိမ်ငြိမ်နဲ့ အခွင့်အရေးကို စောင့်ဆိုင်းတတ်ပြီး အမိအရအသုံးချတတ်လေ့ရှိတယ်။ ခံစစ်ကို ကျစ်ကျစ်လျစ်လျစ် တည်ဆောက်ပြီး တန်ပြန်တိုက်စစ်ကို အားပြုလာဖွယ်ရှိတဲ့ အီဂျစ်က ဖိအားတွေအောက်မှာ သွင်းဂိုးတွေရအောင် စွမ်းဆောင်တတ်တာကြောင့် ပြိုင်ဘက်နယူးဇီလန်အသင်းရဲ့ခြေစွမ်း ပုံမှန်ထက်ကျဆင်းခဲ့ရင် ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

| အုပ်စု (ဆ) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ နယူးဇီလန် | ၁ | ၀ | ၁ | ၀ | ၁ |
| ၂။ အီရန် | ၁ | ၀ | ၁ | ၀ | ၁ |
| ၃။ ဘယ်လ်ဂျီယံ | ၁ | ၀ | ၁ | ၀ | ၁ |
| ၄။ အီဂျစ် | ၁ | ၀ | ၁ | ၀ | ၁ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ် | | |
|---|---|---|
| အီရန် | ၂-၂ | နယူးဇီလန် |
| ဘယ်လ်ဂျီယံ | ၁-၁ | အီဂျစ် |

■ **အချိန်** – နံနက် ၇ နာရီခွဲ၊ **အုပ်စု** – အုပ်စု (ဆ)၊ ပွဲစဉ် (၂)၊ **ကွင်း** – BC Place Vancouver

## အာဂျင်တီးနား VS ဩစတြီးယား

ဒီပွဲစဉ်မှာ နိုင်ပွဲရတဲ့အသင်း နောက်တစ်ဆင့်တက်လှမ်းဖို့ နီးစပ်သွားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဩစတြီးယားက ခံစစ်အသားပေးအခင်းအကျင်းနဲ့ တန်ပြန်တိုက်စစ်ဗျူဟာကို အသုံးပြုပြီး အာဂျင်တီးနား အသင်းကစားပုံ ဟန်ချက်ပျက်အောင် ပြင်ဆင်လာဖွယ်ရှိတယ်။ နိုင်ပွဲရလဒ်ကို နာမည်ကြီး အာဂျင်တီးနားအသင်း ဖော်ဆောင်သွားဖွယ်ရှိတယ်။

| အုပ်စု (ည) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ အာဂျင်တီးနား | ၁ | ၁ | ၀ | ၀ | ၃ |
| ၂။ ဩစတြီးယား | ၁ | ၁ | ၀ | ၀ | ၃ |
| ၃။ ဂျော်ဒန် | ၁ | ၀ | ၀ | ၁ | ၀ |
| ၄။ အယ်ဂျီးရီးယား | ၁ | ၀ | ၀ | ၁ | ၀ |

| ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ် (၁) ရလဒ် | | |
|---|---|---|
| အာဂျင်တီးန | ၃-၀ | အယ်ဂျီးရီးယား |
| ဩစတြီးယား | ၃-၁ | ဂျော်ဒန် |

■ **အချိန်** – ည ၁၁ နာရီခွဲ၊ **အုပ်စု** – အုပ်စု (ည)၊ ပွဲစဉ် (၂)၊ **ကွင်း** – Dallas Stadium

# မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး)တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသော မသန်စွမ်းကလေးများ တက်ရောက်နိုင်ရေး လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှု အမျိုးအစားများ
- (က) Down Syndrome
- (ခ) Autism
- (ဂ) Attention Deficit Hyper Activity Disorder (ADHD)
- (ဃ) Global Developmental Delay (GDD)
- (င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
- (စ) ခြေလက်အင်္ဂါမပြည့်စုံသူ (Amputee)
- (ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)

၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူ ဖြစ်ရမည်။

၃။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူ ကိုယ်တိုင်ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်းခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ

၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ

၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ

၄။ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးမှတ်တမ်းများ

မသန်စွမ်းကျောင်းသား ကလေးများသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ သိမှုပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ ဘာသာစကားဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် လူမှုဆက်ဆံရေးဆိုင်ရာဖွံ့ဖြိုးမှုများ ရရှိလာမည့်အပြင် မိမိတို့၏တစ်နေ့တာ လုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး အထူးပညာရေးစနစ်ဖြင့် မူလတန်းပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းအမှတ် (၂၆) ဘီလမ်း၊ ၅၈x၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၃၉၀၅၀၊ ၀၉-၂၅၀၀၈၇၂၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## ပင်လုံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး



လွိုင်လင် ဇွန် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပင်လုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို အသက် ၁၀ နှစ်ပြည့်ပြီး ၁၈ နှစ်အတွင်းရှိ ကျောင်းသားကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွိုင်လင်မိုး**



ကော့သောင်းမြို့၌ ဒေသဆိုင်ရာညှိလမ်းညွှန် (အခြေခံ)သင်တန်းကို ဗြဟ္မဝိဟာရကျောင်းတိုက်၌ မေ ၂၅ ရက်မှ ဇွန် ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဇွန် ၁၈ ရက်တွင် ရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှ တပ်ဖွဲ့စုမှူးရဲမှူး ရဲမင်းထက်နှင့် တပ်ဖွဲ့ဝင်များက ပင်လယ်ပြင်အသက်ရှင်နေထိုင်နည်းကို လက်တွေ့သရုပ်ပြ သင်ကြားခြင်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## ကဝမြို့နယ်၌ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ကဝ ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ပဲခူးမြစ်အတွင်းသို့ ငါးမျိုး စိုက်ထည့်ခြင်းကို ယမန်နေ့နံနက်က အေးရွာသစ်ကျေးရွာ ကလန်ကွာချောင်း၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာများက ငါးသားပေါက်ကောင်ရေ ၃၆၀၀၀၀ကို ကလန်ကွာချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**





## တောင်ငူမြို့၌ ရေဘေးကယ်ဆယ်ရေး လေ့ကျင့်

တောင်ငူ ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ လေးကျွန်းကန်တော်ကြီး၌ ရေဘေးကယ်ဆယ်ရေး ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကယ်ဆယ်ရေးလှေ ၁၀ စင်း၊ အင်အား ၁၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



ဓနုဖြူမြို့နယ်၌ မြို့နယ်အတွင်းရှိ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးဆေးအရောင်းဆိုင်များ အရည်အသွေးနှင့် အလေးချိန် မှန်ကန်မှု ရှိမရှိ၊ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ဌာနဆိုင်ရာများ ပူးပေါင်း၍ ဇွန် ၁၇ ရက်က ဆောင်ရွက်စဉ်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## လပွတ္တာမြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေး ပြည်သူ့စကားဝိုင်းကျင်းပ

လပွတ္တာ ဇွန် ၂၀

လပွတ္တာမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၈ ရက်က ကျင်းပရာ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အမှာစကားပြောကြားသည်။



ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လူငယ်များ သိထားသင့်သည့် အချက်များကို ဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ ခရိုင်ဥပဒေအရာရှိက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ ခရိုင်ဆေးရုံအုပ်ကြီးက စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအကြောင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးက လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲရခြင်းအကြောင်းများကို ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



ဒိုက်ဦးမြို့နယ် ဖအောင်ဝဲအထက်တန်းကျောင်း၌ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ထုတ်ပေးခြင်းကို မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဇွန် ၁၇ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ စိုးထက်ကျော်(ပြန်/ဆက်)



မလှိုင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ စာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇွန် ၁၇ ရက်က မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ ပူးပေါင်း၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လျှောင်ပုံစံတူ သရုပ်ပြလေ့ကျင့်စဉ်။ ဇော်မင်း(မလှိုင်)

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေရှုသွင်း၊ လေသန့်ရှင်း မချင်းရမှာ၊ တောကသာ။**

## ညောင်လေးပင်မြို့၌ မိုးစပါးစိုက်အသင်းသားတောင်သူများသို့ မျိုးနှင့် သွင်းအားစုများ ပေးအပ်

**ညောင်လေးပင် ဇွန် ၂၀**

ညောင်လေးပင်မြို့နယ်၌ ဇူလိုင် ၄ ရက်တွင် ကျရောက်မည့် (၁၀၄)



ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးစပါးစီမံကိန်းစိုက်ပျိုးသော အသင်းသားတောင်သူများသို့ မျိုးနှင့် သွင်းအားစုများပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးစီမံကိန်းအား အသင်း ကိုးသင်း၊ အသင်းသား ၁၅၀၊ စိုက်ဧက ၁၅၀၀ စိုက်ပျိုးမည်ဖြစ်ပြီး စနစ်ကျသော စိုက်ပျိုးရေးဖြစ်စေရန်အတွက် မျိုးနှင့် သွင်းအားစုများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းသားတောင်သူ ၆၈ ဦးထံသို့ မျိုးနှင့် သွင်းအားစု မြေသြဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ် ပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းကျင်းပ

**လှည်းကူး ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပညာရေးဒီဂရီကောလိပ် ပညာ့အားမာန်ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်း၍ လူငယ်နှင့်ပညာရည်မြင့်မားရေး လူငယ်စကားဝိုင်းကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်က မုဒိတာစကားပြောကြားပြီး ပညာရေးဘာသာရပ်များဌာနမှ တာဝန်ရှိသူများနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိရွှေစင်လတ်တို့က ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက




လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ **အိရွှေစင်လတ်**

## မဟာအောင်မြေမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက(၃) ကျောင်း၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်က အမှာစကားပြောကြားသည်။

ထို့နောက် လူကုန်ကူးမှုသည် ကျား၊မ မရွေးဖြစ်ပွားနိုင်ကြောင်း၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဗဟုသုတများကို လေ့လာဖတ်ရှုသင့်ကြောင်း စသည့်အကြောင်းအရာများကို တာဝန်ရှိသူများက ဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ကဝမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကဝ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ပဲခူး-ကဝလမ်းမကြီးဘေး၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ပျိုးပင် ၅၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**






## သာယာဝတီမြို့နယ်၌ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**သာယာဝတီ ဇွန် ၂၀**

၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှဦးဆောင်၍ အမျိုးသမီးအခွင့်အရေးဆိုင်ရာ CEDAW,BPFA,SDG – 5 အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က သာယာဝတီမြို့နယ် ဆရာစံခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက အမျိုးသား အမျိုးသမီးများအကြား စီးပွားရေးအခွင့်အလမ်းများ လက်လှမ်းမီရရှိစေရေးအတွက် အဟန့်အတားဖြစ်စေသည့် ရိုးရာဓလေ့များ၊ အစွဲအလမ်းများနှင့် ယုံကြည်မှုများ လျော့နည်းပပျောက်စေရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့သည်။ **သန့်ဇော်(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**တံတားဦး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၇ ရက်က ဘလဲ့ဘကျေးရွာ ဓမ္မပါလဓမ္မာရုံ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်ဇော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**





မော်လမြိုင်မြို့နယ် သီးသန့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၉ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးအောင်မြင့်ဌေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းသို့ သီးသန့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၀ တက်ရောက်သင်ကြားစဉ်။
ခင်စန်းမြင့်(ပြန်/ဆက်)



ဝါးခယ်မမြို့နယ်၌ မီးသတ်ဦးစီးဌာနက ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သည့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအကြို အခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၆) ဆင်းပွဲကို ဇွန် ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်က သင်တန်းဆင်းအမှာစကားပြောကြားစဉ်။ မြို့နယ်(ပြန်/ဆက်)



ကျောက်တံခါးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆယ်လေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဇွန် ၁၉ ရက်တွင် ကံကလေးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



လက်ပံတန်းမြို့နယ်၌ ဇွန် ၁၈ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ဦးစီးမှူး ဦးဝင်းဇာကျော်နှင့် ဝန်ထမ်းများက အသက်၁၀နှစ်နှင့်အထက်ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြစ်သားမြို့နယ်၌ ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ နယ်လှည့် ကွင်းဆင်းကုသ



မြစ်သား ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ကျောက်ဆည်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ၁၀ ဦးဖြင့် (အခမဲ့) နယ်လှည့် ကွင်းဆင်း ဆေးကုသဆောင်ရွက်ပေးခြင်းကို ဇွန် ၁၈ ရက်က ကူမဲမြို့တိုက်နယ်ဆေးရုံအတွင်း၌ လာရောက်ကုသပေးလျက်ရှိရာ နယ်လှည့်ကွင်းဆင်း ဆေးကုသပေးခြင်းကို အထူးကုဆရာဝန်ကြီးများဖြစ်ကြသော ကျောက်ဆည်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ဇင်သန်းဝေ ဦးဆောင်သည့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်ကြပြီး ၎င်းတို့နှင့်အတူ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဦးစီးမှူး ဒေါက်တာနေအောင်စိုးနှင့် သူနာပြုဆရာ ဆရာမ စုစုပေါင်း ၇၂ ဦးတို့က ကူမဲမြို့ပေါ်ရပ်ကွက်များနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၅၃၃ ဦးတို့အား ကျန်းမာရေး ဆေးကုသမှုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)



ပုလောမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန် ၁၈ ရက်က အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## တွံတေးမြို့နယ်၌ ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်



တွံတေး ဇွန် ၂၀

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သန်လျင်ခရိုင်မှ ခေတ်မီစံပြကျေးရွာဖော်ဆောင်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေး ဆောင်ရွက်သည့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲကို ဇွန် ၁၄ ရက်က တွံတေးမြို့နယ် တကလှဲ့စံပြကျေးရွာ၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်ဆွေဇင်အေးက အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ ၁၅ ဦးအား ရင်စေ့/ရင်ဖုံးအင်္ကျီချုပ်နည်း၊ သုံးလွှာစကပ်ချုပ်နည်း၊ ချိတ်စကပ်ချုပ်နည်းနှင့် ကလေးဝတ်အင်္ကျီ၊ ဘောင်းဘီချုပ်နည်းတို့ကို စုစုပေါင်း ၄၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇွန် ၁၅ ရက်က ညောင်လေးပင်မြို့ ရှမ်းရွာကျေးရွာ၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ပျိုးပင် ၁၂၄ ပင်ကို စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အသိပညာပေးဆွေးနွေး



ဝမ်းတွင်း ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်အတွင်းရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများ လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းစွာဖြင့် စနစ်တကျသုံးစွဲတတ်စေရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဇွန် ၁၈ ရက်က မြေတိုင်ကန်ကျေးရွာရှိ ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်မျိုးချစ်အေးက အသိပညာပေးဆွေးနွေးစာတမ်းကို ပြောကြားပြီး တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းစွာဖြင့် စနစ်တကျသုံးစွဲတတ်စေရေး၊ တရားမဝင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပပျောက်စေရေး အသိပညာပေးဆွေးနွေးသည်။

မြို့နယ်(ပြန်/ဆက်)



လယ်ဝေးမြို့နယ်၌ အခြေခံမွေးမြူရေး(စားမြုံ့ပြန်သတ္တဝါ)ဆိုင်ရာ အသိပညာနှင့် နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ပို့ချမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်သင်ကြားလျက်ရှိစဉ်။ မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်



မော်လမြိုင် ဇွန် ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အိမ်တွင်းမှုနှင့် သက်မွေးလုပ်ငန်းပညာသင်ကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ရွာအခြေပြု စက်ချုပ်သင်တန်းဖွင့်ပွဲကို ဇွန် ၁၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဥမ္မာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ဇွန် ၁၆ ရက်မှ ဇူလိုင် ၁၇ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)



ထားဝယ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၈ ရက်က ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သွေးလှူဒါန်းကြသူများအား အားဖြည့်ဆေးဝါးများနှင့် ကြက်ဥ၊ အချိုရည်၊ မုန့်နှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။ ငွေဇင်ယော်(ထားဝယ်)

## ကျိုက်လတ်၌ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း သရုပ်ပြ



ကျိုက်လတ် ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းခြင်း သရုပ်ပြပွဲကို ဇွန် ၁၆ ရက်က ဖောင်ရိုးချောင်းကျေးရွာ ကွင်းအမှတ်(၆A) ဧရိယာ ၅ ဧကရှိ တောင်သူဦးလင်းထိန်၏လယ်မြေဧရိယာ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စိုက်/တိုး/မြှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။လှိုင်မင်းအောင်(ပြန်/ဆက်)



ရေကြောင်းရဲတပ်ဖွဲ့ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ဒုတိယရဲမှူး နိုင်လင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဇွန် ၁၇ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘလုတ်ညွှန့်သမ္မန်ဆိပ်၌ ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး သမ္ဗန်မောင်းနှင်သူများနှင့် ခရီးသည်များအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ ခိုင်ဇာလင်း(ပြန်/ဆက်)

## ပန်းတောင်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ



ပန်းတောင်း ဇွန် ၂၀

ပန်းတောင်းမြို့နယ် (ဥသျှစ်ပင်)ကျောင်း၌ ဇွန် ၁၇ ရက်က လူငယ်စကားဝိုင်းကျင်းပရာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အောင်မြင်မှု၊ လူငယ်နှင့်အခွင့်အလမ်း၊ လူငယ်နှင့်တက်လမ်း၊ လူငယ်နှင့် အထက်တန်းစားစိတ်ဓာတ် စသည့်ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးကြသည်။

လပြည့်လင်း(ပြန်/ဆက်)

## မော်လမြိုင်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြော



**မော်လမြိုင် ဇွန် ၂၀**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက်က အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း မော်လမြိုင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း အလုပ်အမှုဆောင် ဦးသန်းဝင်းတို့က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## မတ္တရာမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**မတ္တရာ ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို ဇွန် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးဝင်းခိုင်က ချေးငွေဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့အာမခံလုပ်ငန်း မန္တလေးတိုင်းရုံးမှ ဒုတိယကြီးကြပ်ရေးမှူးက သီးနှံအာမခံထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက တောင်သူ ၉၄ ဦး၏ ၄၁၇ ဧကအတွက် ငွေကျပ် ၁၂၅၁ သိန်းကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရွှေရာသား**

## ဘီးလင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေး အတတ်ပညာသင်ကျောင်းဆိုင်ရာ အသိပညာပေးဟောပြော

**ဘီးလင်း ဇွန် ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး အတတ်



ပညာသင် ကျောင်းသား ကျောင်းသူများရရှိရေး ဟောပြောပွဲကို ဇွန် ၁၇ ရက်က အထက (ကန်သာယာ)ကျောင်း မဟော်သဓာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ကျိုက်ထိုခရိုင်ပညာရေးမှူး(တာဝန်)တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှုစိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် မွေးမြူရေးအတတ်ပညာ Grade – 10 ကျောင်းသား ကျောင်းသူများ တက်ရောက်ခွင့်နှင့်ပတ်သက်၍ ဟောပြောသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**မိုင်းယောင်း ဇွန် ၂၀**

မိုင်းယောင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန် ၁၇ ရက်က အလက–ခွဲ(ဟိုရမ်း) ကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူ ၅၀ အား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## လပွတ္တာမြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သွေးလှူဒါန်း

**လပွတ္တာ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ(၃)မိုင်မြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၌ မြန်မာအမျိုးသမီးများနေ့ အကြိုသွေးလှူဒါန်းပွဲကို ဇွန် ၁၇ ရက်က ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ပပဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွေးလှူဒါန်းနေကြသော အမျိုးသမီးများအား သွေးပေါင်ချိန်တိုင်းတာခြင်းနှင့် သွေးစစ်ရာတွင် ပူးပေါင်းပါဝင်ကူညီပြီး သွေးလှူဒါန်းသည့် အမျိုးသမီးများအား ကြည့်ရှုအားပေးကာ ကြက်ဥ၊ Royal-D၊ ဓာတ်ဆားနှင့် အားဆေးများ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ညောင်ရွှေမြို့နယ်၌ ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံ



**ညောင်ရွှေ ဇွန် ၂၀**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး အသိပညာပေးခြင်းတို့ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာပန်းပွင့်ဖြူနှင့် ဝန်ထမ်းများက ကျေးရွာ ၄၇ ရွာရှိ မွေးမြူရေးတောင်သူများ၏ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဧပြီလမှစတင်၍ ဆောင်ရွက်ခဲ့ရာ ဇွန်လပထမပတ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



တောင်ငူမြို့ ခရိုင်အားကစားခန်းမ၌ (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၁၄ ရက်က ကျင်းပရာ NAN HTIKE YOGA CLUB မှ နည်းပြများက ယောဂကျင့်စဉ်၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စုပေါင်းလေ့ကျင့်စဉ်။ ဇော်ကိုကို (တောင်ငူ)

မိုင်းရှူးမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစုလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၆ ရက်က အမှတ်(၂)ရပ်ကွက် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)





ပခုက္ကူမြို့နယ်၌ Placement Test (အထူးအစီအစဉ်) စာမေးပွဲကို ဇွန် ၁၅ ရက်မှ စတင်ဖြေဆိုကြရာ စာမေးပွဲ(တတိယနေ့) သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုစဉ်။ ဘာမီသာ(ပခုက္ကူ)



ရွှေဘိုခရိုင်အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းဆင်းပွဲကို ဇွန် ၁၇ ရက်က ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းက သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။ ခရိုင်(ပြန်/ဆက်)

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/မင်းခေါင်၊ ဦးပိုင်အမှတ်(၂၀၇)၊ ဧရိယာ(၀.၁၀၇)ဧကအား ဒေါ်သန်းရှင်(ဘ)ဦးသန်းမောင် ၉/တကန(နိုင်)၀၃၄၄၀၆ မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာန ထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၉၇၂/၂၀၂၆)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်း အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၅၀၀၉)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်ခင်သီတာ(ဘ)ဦးမောင် ၉/မရတ(နိုင်)၀၁၁၅၀၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်သီတာမှ ဒေါ်လှိုင်လှိုင်ထူး(ဘ)ဦးကံထူး ၉/မထလ(နိုင်)၂၀၅၅၉၁နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေဧရိယာ (၀.၁၀၉) ရှိ မြေကွက်အမှတ် (ပ-၂၁၅၉၂) ကို အမည်ပေါက် ဦးဇော်မင်းဦး (ဘ)ဦးထွန်းရှင် ၉/မခန(နိုင်)၁၁၉၆၈၃မှ ဒေါ်ဇင်မိုးဝါ (ဘ)ဦးအောင်မြင့် ၇/ဒဥန(နိုင်)၁၀၉၆၀၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၃/၁-က၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ်(၉၇/၂)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်သည် မူလက ဦးမခါလအမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၁၀-၈-၂၀၀၆) ရက်စွဲပါနှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်အရ ဦးဒေါင်လွမ်း ၁/ဆလန(နိုင်)၀၀၀၆၈၅ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဝယ်ယူပိုင်ဆိုင်သူ ဦးဒေါင်လွမ်းကဒင်း၏ ဒေါ်ဇောင်းနော ၁/ခဖန(နိုင်)၀၀၀၈၇၀ အမည်အား ပူးတွဲ၍ ဦးဒေါင်လွမ်းပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှ(၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ငွေဇင်ယော်ရပ်၊ မြေကွက်အမှတ်(၁၀၇)၊ ပေ(၄၀X၆၀)မြေကွက်သည် ဦးကြည်ဝင်း အမည်ဖြင့် ရရှိထားသောမြေကွက်ဖြစ်ပြီး ဦးကြည်ဝင်း ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်သိန်းသိန်းကြည်မှ ပိုင်ဆိုင်လာပြီး ဒေါ်သိန်းသိန်းကြည်ထံမှ ဦးစံကြည်သည်လည်းကောင်း၊ ဦးစံကြည်ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်အေးအေးမော်ထံမှ ဒေါ်ဆွေဆွေဝင်းသည်လည်းကောင်း စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာပြီး နှစ်(၃၀)မြေငှားဂရန်" ပထမအကြိမ် ချထားပေးပါရန် ဒေါ်ဆွေဆွေဝင်းမှ ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ်မိတ္တူများ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)တို့နှင့်အတူ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြေညာသည့်ရက်မှစတင်၍ (၁၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက် အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက် တစ်စုံတစ်ရာမရှိပါက ဒေါ်ဆွေဆွေဝင်း၏ လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၁၃

| | | |
|---|---|---|
| ဒေါ်ဝမ်ရှင်ဒီ | နှင့် | ၁။ ဦးခင်မောင်စိုး |
| | | ၂။ ဒေါ်ဌေးဌေးဝင်း |
| တရားလို | | တရားပြိုင်များ |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၃)၊ ဦးပိုင်အမှတ်(၅၄)နေ ဦးခင်မောင်စိုး(ဘ)ဦးဘအုန်းနှင့် ဒေါ်ဌေးဌေးဝင်း(ဘ)ဦးအဘူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝမ်ရှင်ဒီက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)စက်မှု(၂)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၂)၊ ဦးပိုင်အမှတ်(၇၉+၇၈)၊ ဧရိယာ(၀.၁၁၀၂) ဧက အကျယ်အဝန်းရှိ ဦးခင်မောင်စိုးနှင့်ဒေါ်ဌေးဌေးဝင်း အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ ဇွန်လ ၃၀ ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန် လ ၁၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုကွင်းပိုင်လမ်း၊ အမှတ်(၁၀)နေ ဒေါ်နန့်ခင်မေဝင်း (၁၄/ဝခမ(နိုင်)၀၄၀၂၇၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ ငုဝါမြိုင်(၁)လမ်း၊ မြေကွက်အမှတ်-၃၉၆၊ မြေအကျယ်အဝန်း(ပေ၄၀X ပေ၆၀)ရှိ မြေကွက်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးတင်ဌေး (WKA-၀၄၁၄၉၃)အမည်ဖြင့် မှတ်သားထားသော ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအတွင်းမှ တရားဝင် မခွဲမစိတ်ရသေးသည့်အစိတ်အပိုင်းဖြစ်သော (ပေ၂၀Xပေ၆၀)ရှိ ခြေရင်းဘက်ခြမ်းမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန့်ခင်မေဝင်း (၁၄/ဝခမ(နိုင်)၀၄၀၂၇၃)က လွန်ခဲ့သော (၂၀၂၁) ခုနှစ်ကတည်းက အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိထားသောမြေကွက်ဖြစ်ပြီး အထက်ဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲမှုများ မဆောင်ရွက်ကြပါရန် လေးနက်စွာဖြင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တားမြစ်အသိပေးခြင်းကို ဆန့်ကျင်၍ တစ်နည်းနည်းဖြင့် ဥပဒေမဲ့ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောကျော်စွာထွဋ် (LL.B)(စဥ်-၁၃၀၀၁)၊**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၉/၁၁)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉ -၄၄၀၆၅၅၇၃၈**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/3283 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၈၉၉၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကည န ၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၅၃၀၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၅)၊ မြေကွက်(၄၂၈)ဟုခေါ်တွင်သော အကျယ်အဝန်း (ပေ၄၀ x ပေ ၆၀)ရှိ ဦးသောင်းရွှေ (CF- 089104) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံသူ ဒေါ်ယဉ်မင်းသန့် (၁၂/ဒဂမ(နိုင်)၀၁၈၁၃၁)က ယင်းမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းကင်းကြောင်းနှင့်အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်း၊ ပေးကမ်းထားခြင်းတို့မရှိကြောင်း ဝန်ခံထားပါသဖြင့် ကျွန်မ ဒေါ်ခိုင်ဖြိုးလင်း (၈/ခမန(နိုင်)၁၀၉၈၄၁) မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်စပ်လျဉ်းပြီး ပိုင်ရေးဆိုခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခိုင်ဖြိုးလင်း ၈/ခမန(နိုင်)၁၀၉၈၄၁**
**ဖုန်း-၀၉-၄၃၁၀၉၇၅၃၊ ၀၉-၄၂၀၁၂၅၀၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၂၀က/၄၊လယ်ကုန်း)၊ ဦးပိုင်အမှတ်(၉၀)၊ မြေဧရိယာ(၀.၁၂၉)ဧကရှိမြေကွက်သည် ဒေါ်ကျောက်ရီအမည်ဖြင့် (၂၇-၈-၂၀၁၆)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၁.၄.၂၀၂၆)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၂၂/၂၀၂၆)အရ ဒေါ်ကျောက်ရီ၏ အထူးကိုယ်စားလှယ်ဒေါ်ခင်မူထံမှ ဒေါ်ရီဆွေအမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ရီဆွေ ၁/မကန(ပြု)၀၀၁၂၀၀ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ ဖိုးရာဇာ(၁)လမ်း၊ မြေကွက်အမှတ် (၁၀၀၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်မြပြည့်စုံ (၁၂/စခန(နိုင်) ၀၆၇၁၇၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်မြပြည့်စုံ ထံမှ ကျွန်မ ဒေါ်ခင်ငုဝါဝါလှိုင် (၁၂/ကတတ (နိုင်) ၀၂၃၃၃၆)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ငုဝါဝါလှိုင် (၁၂/ကတတ (နိုင်) ၀၂၃၃၃၆)**
**၀၉- ၇၆၅ ၁၉၂ ၄၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၂၄၁၇) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မူရင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးလှမြင့် (၁၄/ညတန(နိုင်)၀၄၇၂၆၀)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းထိုက်(၁၀/ကမရ(နိုင်)၀၅၈၃၆၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဖူးပြည့်သန်းထွန်း (၁၂/ပဇတ(နိုင်)၀၃၁၈၂၅)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဥ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဥ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉- ၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရေသရောက်ကုန်းကျေးရွာ၊ ထုံးဘိုကျေးရွာအုပ်စုရှိ အကွက်အမှတ် (A – 2, A – 3, A – 4, B – 3, B – 4) တစ်ကွက်လျှင် အကျယ်အဝန်းပေ(၅၀ x ၆၀)ပေါ်ရှိ မြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဒေါ်နှင်းနှင်းအိ (၉/မရတ(နိုင်)၁၁၄၆၀၀) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးဝင်း (၅/ရဥန(နိုင်)၀၃၀၀၆၁)က လွှဲပြောင်းဝယ်ယူ၍ လက်ရှိထားလျက်ရှိပါသည်။ အဆိုပါမြေကွက်များ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည့် ကိစ္စများကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင် LL.B (စဉ် – ၈၉၆၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၆၅/၅)၊ ပြည်တော်သာ(၃)လမ်း၊**
**ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၆၇၃၉၊ ၀၉-၇၈၂၀၄၆၇၃၉**

## အကြင်လင်မယားအဖြစ်မှ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးတွမ်ဖျင်ကျိန်(ဘ)ဦးတွမ်တာစန်(၁၃/လရန(နိုင်)၀၅၃၀၆၄) နှင့် ဒေါ်ခင်စန်းရီ(ဘ) ဦးလောက်ဆန်း (၁၃/နတဆ(နိုင်)၀၁၁၃၂၀)တို့သည် (၁၉၉၆)ခုနှစ်ကတည်းက အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပြီး သမီး(၂)ဦး မွေးဖွားခဲ့ပါသည်။ သို့သော် ဦးတွမ်ဖျင်ကျိန်သည် လွန်ခဲ့သော (၁၀)နှစ်ခန့်ကတည်းက ဒေါ်ခင်စန်းရီနှင့် အကြင်လင်မယားအဖြစ် လာရောက်ပေါင်းသင်းနေထိုင်ခြင်း မရှိသကဲ့သို့ သမီး(၂)ဦး၏ ပညာရေးစားဝတ်နေရေး စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍လည်း တစ်စုံတစ်ရာထောက်ပံ့ပေးခြင်း လုံးဝမရှိပါ။ ထို့ပြင် ဦးတွမ်ဖျင်ကျိန်နှင့် ဒေါ်ခင်စန်းရီတို့သည် လွန်ခဲ့သော (၁၀)နှစ်ခန့်မှစ၍ ယနေ့အချိန်ထိ အတူတကွ ပေါင်းသင်းနေထိုင်ခြင်းမရှိသကဲ့သို့ တစ်စုံတစ်ရာဆက်သွယ်ခဲ့ခြင်းများလည်း(လုံးဝ)မရှိပါ။ ထို့ကြောင့် ဦးတွမ်ဖျင်ကျိန်နှင့် ဒေါ်ခင်စန်းရီတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအဖြစ်မှ သက်ဆိုင်ခြင်း မရှိတော့ဘဲ ပြတ်စဲပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးတွမ်ဖျင်ကျိန်နှင့် ဒေါ်ခင်စန်းရီတို့သည် လွတ်လပ်သူများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း၊ ရထိုက်ခွင့်ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိခြင်းမရှိတော့ကြောင်းနှင့် ဦးတွမ်ဖျင်ကျိန်နှင့်ပတ်သက်၍ ပြဿနာများ ပေါ်ပေါက်ခဲ့ပါက တစ်စုံတစ်ရာဖြေရှင်းပေးမည်မဟုတ်ကြောင်းကို အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်ခင်စန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဇော်လှိုင်** | **ဦးနေဝင်းရှိုင်း** | **ဒေါ်သန္တာဆွေ** |
| **(စဥ်-၁၈၈၇၃) (LL.B)** | **(စဥ်-၂၀၀၅၈) (LL.B)** | **(စဥ်-၅၄၃၃၅) (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**၅-လမ်း၊ လမ်း – ၈၀၊ အမရဌာနီအရှေ့ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၇၁၃၀၈၇၃၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/71633, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှိုင် ၁၄/ဟသတ(နိုင်)၁၉၇၂၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသာ်တ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၃၉၁၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၉၅၆၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပြည့်ထွန်း ၁၀/ကထန(နိုင်)၁၁၇၀၅၈၈ (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၃၇၃)**
**သန်လျင်ခရိုင်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂၈**
**ကွယ်လွန်သူ ဦးအောင်စန်း၏ ကျန်ရစ်သောပစ္စည်းအကြောင်း။**

ဒေါ်အေးစန်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းကို) **(လျှောက်ထားသူ )**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကရင်ဆိပ်ကျေးရွာအုပ်စုနေ ဒေါ်အေးစန်းက ကွယ်လွန်သူ ဖခင် ဦးသိန်းဟံ(ခ)ဦးချက်ကြီး၊ မိခင် ဒေါ်ခင်တို့၏ သမီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကရင်ဆိပ်ကျေးရွာအုပ်စုနေ ကွယ်လွန်သူ ဖခင် ဦးသိန်းဟံ(ခ) ဦးချက်ကြီး၊ မိခင် ဒေါ်ခင်တို့၏ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ပေးရန်ရှိသော ကြွေးမြီများကို ကောက်ခံပေးဆပ်ရန်၊ အမွေဆက်ခံခွင့် အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဖခင် ဦးသိန်းဟံ(ခ) ဦးချက်ကြီး၊ မိခင် ဒေါ်ခင် တို့ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ပေးရန်ရှိသူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၃ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်အေးစန်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ၊ ၁၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မျိုးသင်း)
ဒုတိယခရိုင်တရားသူကြီး(၄)
သန်လျင်ခရိုင်တရားရုံး

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(ခွဲ)ဝင်းကဒတ်ကျောင်း G-3 တန်းမှ မယွန်းဝတီဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်ဖြစ်ပါကြောင်း။

**ဦးအောင်အောင်**
**၇/ ဇကန(နိုင်)၀၄၅၈၀၀**

## အမည်မှန်

ထားဝယ်မြို့၊ အထက (၈)၊ Grade-6 မှ (ဘ) ဦးကျော်စိုး (၆/သရခ(နိုင်)၀၇၈၀၁၆) သားဖြစ်သူ၏ အမည်မှန်မှာ မောင်ရှိန်းအာကာကျော် ဖြစ်ပါကြောင်း။

**မောင်ရှိန်းအာကာကျော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးကျော်(၁၂/သဃက(နိုင်)၂၂၇၇၁၁) မှ ဒေါပုံမြို့နယ် ၁/ဗမာအေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄၀၀)ရှိ ၂ ခန်းတွဲ ၆ ထပ်တိုက်မှ မျက်နှာမူလျှင် ညာဘက်ခြမ်း(ဒုတိယထပ်)(၁၂.၅'x၅၀')အား ဦးသူရိန် (၁၂/ဒပန(နိုင်) ၀၆၉၉၉၀) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၇) ရက်အတွင်း တရားဝင်ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးသိန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၃၂၈၈)**
**၂၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**

## တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆/၉)ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ် (၂၄/က)နေ (ဘ)ဦးတင်အောင်၏သားဖြစ်သူ ဦးသူရအောင်(၁၂/ရပသ(နိုင်)၀၅၆၂၃၉)နှင့်(ဘ)ဦးခင်မောင်လွင်၏သမီး ဒေါ်ဖြိုးစန္ဒာကျော်(၇/ဒဥန(နိုင်)၁၅၅၇၁၅)တို့သည် (၁၈-၆-၂၀၂၆) ရက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို မိမိတို့၏လွတ်လပ်သော သဘောဆန္ဒများအရ အသိသက်သေများနှင့် အင်းစိန်ခရိုင်တရားရုံးတော်၏ရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆို၍ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ထိုသို့တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍တစ်ဦးနှင့်တစ်ဦးသည် သက်ဆိုင်ခြင်းအလျဉ်းမရှိတော့သည့်အတွက် နောက်နောင်တွင် တစ်ဦး၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ညီကိုမောင်နှမမိသားစုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊နှောင့်ယှက်ခြင်း ပြုလုပ်မည်မဟုတ်ပါကြောင်းနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ဦးသူရအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရည်မွန်အောင်(LL.B,D.B.L,D.I.L,WIPO)**
**(စဉ်-၁၃၈၃၉) တရားလွှတ်တော်ရှေ့နေ၊**
**အမှတ်(၂၆၈၈)၊စိန်တစ်ပွင့်လမ်း၊(ဒ-၆၃/၁၇)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၃၃၈၂၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ အကွက်အမှတ်(ကွန်ပျူတာတိုးချဲ့)၊ ဦးပိုင်အမှတ် (၁၁၇)၊ ဧရိယာ(၀.၀၉၆)ဧက မြေငှားဂရန်အမှုတွဲအမှတ်၊ ၈၀၈-၅/၂၀၁၇-၁၈(စီ)၊ ဒုရဲမှူး တီခေါင်လွမ်း ၁၃/လရန(နိုင်)၀၁၂၅၃၈က အမည်ပေါက် မြေကွက်အား ဒုရဲမှူး တီခေါင်လွမ်း ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်ခေါ်နန်း ၁၃/ကလတ(နိုင်)၀၀၆၃၆၄ အမွေဆက်ခံ၍ ဒေါ်နန်းခင်မိုးလှိုင်ထံသို့ စာချုပ်အမှတ်(၁၀၆၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်၍ ဒေါ်နန်းခင်မိုးလှိုင်မှ မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်နန်းခင်မိုးလှိုင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ရပ်ကွက်(၁၁)၊ အကွက်အမှတ်(အောင်စေတနာတိုးချဲ့)၊ ဦးပိုင်အမှတ်(ဘီ/၅)၊ ဧရိယာ(၀.၀၈၂)ဧက၊ အမှုတွဲအမှတ်၊ ၄၀-၅/၂၀၁၅-၁၆(အေ)၊ ဗိုလ်မှူးကိုမြင့် ၁၃/လရန(နိုင်)၀၁၅၂၉၄ အမည်ပေါက်သည့်မြေကွက် အား ဗိုလ်မှူးကိုမြင့်၏အထူးကိုယ်စားလှယ်ရရှိသူ ဦးနှစ်ဆန်းဦး ၇/ဇကန(နိုင်)၀၃၀၂၀၈ မှ ဒေါ်ဝါဝါစိုး ၁/မညန(နိုင်)၀၈၁၅၆၇ထံသို့ စာချုပ်အမှတ်(၁၈၀၊/၂၀၂၆)ဖြင့် ရောင်းချပြီးဖြစ်၍ ဒေါ်ဝါဝါစိုးအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ဝါဝါစိုးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်- ၅ ၊ နည်းဥပဒေ -၂၀)**
**ကလေးခရိုင်တရားရုံးတော်၌**
**၂၀၂၆- ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၂၀**

| | | |
|---|---|---|
| ဦးထောင်းခန့်မန် | နှင့် | ၁။ ဦးဖုန်ဇထုန် |
| | | ၂။ ဒေါ်စန္ဒာထိုက် |
| | | ၃။ ဦးထန်ရှုန်းဂင့် |
| | | ၄။ ဒေါ်ကြည်ဝင်း |
| **(တရားလို)** | | **(တရားပြိုင်များ )** |

ဦးဖုန်ဇထုန်၊ ဒေါ်စန္ဒာထိုက်(အတူနေလင်မယား)ဈေးရောင်း၊ နယ်မြေ(၆/၁၁၅)၊ ကြို့သုံးပင်ရပ်ကွက် ၊ ကလေးမြို့နယ်နေ သိစေရမည်။

သင့်အပေါ်တရားကိုက ချေးငွေကျပ်သိန်း(၉၀၀)(ကျပ်သိန်းကိုးရာ)တိတိ ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၇) ရက်(၁၃၈၈-ခုနှစ် ပထမဝါဆိုလဆုတ် (၈) ရက် မွန်းမတည့်မီ (၁၀.၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းအထောက်အထားများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည် ။

၂၀၂၆-ခုနှစ်၊ ဇွန်လ (၁၆) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းစိုးဦး)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ARA Residences၊ တိုက်အမှတ် (Y3)၊ အခန်းအမှတ်(106)၊ တိုက်ခန်းအမျိုးအစား (1 Bedroom A)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၅၅၉) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးစိုး (၁၂/သဃက(နိုင်)၁၂၀၃၂၂) ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးလွင်**
**၁၃/ကခန(နိုင်)၀၇၂၅၂၆**
**ဖုန်း-၀၉-၂၅၀၀၀၆၁၇၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၆/လယ်တီ)၊ ဦးပိုင်အမှတ် ($\frac{၃၂}{၃၇}$ ၊E/၁)၊ ဧရိယာ (၀.၀၂၈)ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၂၆၇/၁၉၉၄ အရ ဒေါ်ခင်မေတင့် အမည်ဖြင့် (၁၁-၁၁- ၁၉၉၄)မှ(၁၀-၁၁-၂၀၂၄)အထိ နှစ်(၃၀)ရရှိခဲ့သော မြေငှားစာချုပ်အား ဦးဘဂျမ်း၊ ဒေါ်နွဲ့ကြည် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ( ၁၀-၆-၂၀၂၆)ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာ ပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၅၆၀၁၉, Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စန်းဝင်း ၅/ဆလက(နိုင်)၀၅၄၁၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(မုံရွာ)မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/65906, Zong Shen-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၉/မမန(နိုင်)၀၈၇၉၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

လယ်ဝေးမြို့၊ နှစ်ဆောင်ပြိုင်ကျေးရွာနေ ဦးသန်းလွင် (၉/လဝန(နိုင်) ၀၉၅၅၆၂)၊ ဒေါ်ခင်တင့် (၉/လဝန(နိုင်) ၀၉၆၁၃၉) တို့၏သားကြီးဖြစ်သူ ဦးမျိုးမင်းသန်း (၉/လဝန(နိုင်) ၁၅၅၇၉၈)သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့်အပြုအမူများကို ပြုလုပ်၍ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ပြီး (၁၆-၅-၂၀၂၆)ရက်မှစ၍ မိမိသဘော အလျောက်နေအိမ်မှ ထွက်ခွာသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင် LL.B (စဉ် - ၈၉၆၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၆၅/၅)၊ ပြည်တော်သာ(၃)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၆၇၃၉၊ ၀၉-၇၈၂၀၄၆၇၃၉**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ အထက (၂) Grade-4 မှ မောင်ဇန်လားရို၏ ဖခင် ဦးလားရန်မောရာ ၏ အမည်မှန်မှာ ဦးအောင်စိုး ၅/တမန(နိုင်)၀၄၈၁၃၆ ဖြစ်ပါကြောင်း။

**ဦးအောင်စိုး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ SEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 မှ မသွယ်သွယ်စိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းခိုင် ၅/ကနန(နိုင်)၀၃၈၆၉၀ ဖြစ်ပါကြောင်း။

**ဦးစိုးမင်းခိုင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အမက ပင္စရွာဟောင်းကျောင်း Grade-5 မှ (ဘ) ဦးထွန်းမြင့် ၏သမီး မခင်မြင့်အေး၏ ဖခင်အမည်မှန်မှာ စောထွန်းမြင့် ၁၀/ခဆန(နိုင်) ၀၆၂၀၀၃ ဖြစ်ပါကြောင်း။

**စောထွန်းမြင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၆၅၁/က)၊ မြေဧရိယာ(၀.၀၂၇၅)ဧက၊ (အလျား ပေ၂၀ Xအနံ ပေ၆၀) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် အမှတ်-၆၅၁(က)၊ ဗိုလ်ဉာဏလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေချည်းသက်သက်မြေကွက်အပါအဝင်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ချောစုအောင်(၁၂/တမန(နိုင်)၁၀၃၆၉၀) အမည်ဖြင့်တည်ရှိပြီး၊ ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဦးအောင်ကျော်ညွှန့်(ဘ)ဦးကြင်အေး(၁၂/လမန(နိုင်)၀၀၁၀၅၅)၊ အမှတ်-၁၀၅၊ (၅)လွှာ၊ ဗဟိုလမ်း၊ ၃ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆ ၊** | **တရားလွှတ်တော်ရှေ့နေ၊ စဉ် -၇၅၁၅** |
| **ဖုန်း -၀၉-၅၁၇၁၄၃၃** | **ဖုန်း -၀၉-၇၉၂၇၃၇၃၃၀၊ ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ နဝဒေးလမ်း၊ မြေကွက်အမှတ်(၁၀၆၄) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးသက်ထွန်း (၁၂/ဒဂတ(ပြု)၀၀၂၀၉၀)ထံမှ စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသက်ပိုင်ထူး (၁၀/မလမ (နိုင်)၁၈၇၀၁၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ် (၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၄၄)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်+ပထမထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း(၁၃ပေx၅၅ပေ)စီရှိ တိုက်ခန်း(၂)ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်း(၂)ခန်းကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူများဖြစ်ကြသော ဒေါ်ခင်အုန်းသန်း (၁၁/ကဖန(နိုင်)၀၆၂၅၃)နှင့် ဒေါ်မြစန်းရီ (၁၁/ကဖန(နိုင်)၀၆၄၅၉၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မင်းမင်းသက် (၁၂/တမန(နိုင်) ၀၁၇၈၆၃) က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်း(၂)ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗိုလ်ချုပ်ရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် (၇၂၅)၊ ဦးပိုင်အမှတ် (၈-က)၂၇ လမ်း၊ ၇၄ x၇၅လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သိဂီ၏(SP ရရှိသူ ဦးမိုဟာမက်ဂျာဝိဒ်) ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၃၂၃/၂၀၁၉)ဖြင့် ဝယ်ယူခဲ့သော ဦးကျော်စိန်၊ ဒေါ်အမာ၊ ဒေါ်သီတာကျော်၊ဦးဝင်းမင်းကျော်၊ ဒေါ်ဝါဝါကျော်၊ ဦးနိုင်ဝင်းကျော်၊ ဦးဝင်းထွန်းကျော်တို့ (၇)ဦးအနက် ဦးကျော်စိန်၊ ဒေါ်အမာတို့ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၂၄၈/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သီတာကျော်၊ဦးဝင်းမင်းကျော်၊ ဒေါ်ဝါဝါကျော်၊ဦးနိုင်ဝင်းကျော်၊ ဦးဝင်းထွန်းကျော်တို့ (၅)ဦး အနက် ဒေါ်သီတာကျော်ပါ(၄)ဦးထံမှစွန့်လွှတ်စာချုပ်အမှတ်(၃၂၈၁/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးနိုင်ဝင်းကျော် ၉/မရမ(နိုင်)၀၀၃၅၆၈ က အမှုတွဲအမှတ်(၀၀၃၂/ဘ(ပြောင်း)/ ၂၀၂၆-၂၀၂၇ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့၊ ရပ်ကွက် (၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇/သာယာကုန်းရပ်)၊ ဦးပိုင်အမှတ်(၃၇/ခ)၊ မြေကွက်အမှတ် (96/189)၊ မြေဧရိယာ ၀ ဒသမ ၁၆၇ဧကရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ ၃-၇-၂၀၁၉ ရက်စွဲပါ အမှုတွဲအမှတ် (၃၄၀/၂၀၁၉)အရ နှစ်(၃၀) သက်တမ်းရှိ မြေငှားဂရန်အား ဦးတင်မိုးထွေးအမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးတင်မိုးထွေးထံမှ ဦးတင်မိုးသည် ကလောမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၂၅-၉-၂၀၂၅ရက်စွဲပါ စာချုပ်အမှတ် (၁၅၉/၂၀၂၅)အရ ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဦးတင်မိုး(၁၀/မဒန(နိုင်) ၁၂၈၀၆၇)အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ပြန်လည်လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မှော်ဘီ၊ ညောင်နှစ်ပင်ကျေးရွာနေ ဦးတုံးချေ ၁၃/မရန(နိုင်) ၀၁၈၀၄၄-ဒေါ်ရီရီထွေး ၁၃/မရန(နိုင်)၀၁၈၆၁၂ တို့၏သား မောင်အောင်ကျော်ကျော် ၁၃/ မရန(နိုင်)၀၂၇၁၉၈ကို ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်သည်။

မောင်အောင်ကျော်ကျော် နှင့် ပတ်သက်၍ ကိစ္စအဝဝမှန်သမျှအားလုံးသည် ကျွန်ုပ်တို့ မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**၁။ ဦးတုံးချေ ၁၃/ မရန(နိုင်)၀၁၈၀၄၄**
**၂။ ဒေါ်ရီရီဆွေ ၁၃/ မရန(နိုင်)၀၁၈၆၁၂**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 43W/13187 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/4954 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၅

၁။ ဒေါ်သင်းမာလာနွယ် နှင့် ဒေါ်ကြည်
၂။ ဒေါ်မိုးယုနွယ်
**တရားလိုများ** **တရားပြိုင်**

